# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တန်ဆောင်မုန်းလဆန်း (၁၃) ရက် ၊ စနေနေ့ ၊ (25-11-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၂၀၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကျင်းပ



ကထိန်အလှူခံကျောင်း၊ ဓမ္မသီရိမြို့နယ် မဟာဝိဇိတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ၂၀၂၃ ခုနှစ် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် သာသနာ့မဟာဗိမာန်တော်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသနိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကျောက်မဲမြို့ သီဟိုဠ်ပရိယတ္တိစာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တစန္ဒနသာရနှင့် ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ⟫




ရတနာပုံ

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်

အယ်ဒီတာ့အာဘော်

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကိုအခြေခံ၍ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင်ရှိသော မြန်မာနိုင်ငံ၏ ခန့်မှန်းလူဦးရေ ၅၆ ဒသမ ၂ သန်းတွင် အမျိုးသမီးပါဝင်မှုက ၂၉ ဒသမ ၄ သန်းရှိသည်။ ထို့ကြောင့် နိုင်ငံလူဦးရေ၏ ထက်ဝက်မကရှိသော အမျိုးသမီးထုကြီး၏ အခွင့်အရေးနှင့် စွမ်းဆောင်ရည်များ မြှင့်တင်ပေးခြင်း၊ ကာကွယ်စောင့်ရှောက်ပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများ အကာအကွယ်ပေးကာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ရာ၌ အမျိုးသမီးထုကြီး ပါဝင်ဆောင်ရွက်နိုင်မှုသည် အလွန်အရေးပါလျက်ရှိသည်။ သို့ရာတွင် ကမ္ဘာတစ်ဝန်း၌ အမျိုးသမီးများ၏ ကျား၊ မ တန်းတူညီမျှအခွင့်အရေးရရှိမှု၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး စသည့် ကဏ္ဍအသီးသီးတွင် အမျိုးသားများနှင့် အချိုးကျပါဝင်မှု အားနည်းနေသည်ကို တွေ့ရှိရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးက ကျား၊ မ သာတူညီမျှရှိရေး၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရေး၊ ဖိနှိပ်ချုပ်ချယ်မှုကင်းဝေးစေရေးတို့ကို ဘုံသဘောတူညီချက်ထားကာ အမျိုးသမီးအပေါ် အကြမ်းဖက်မှုပပျောက်ရေးကို ဦးဆောင်ဆောင်ရွက်လျက်ရှိသော်လည်း ကမ္ဘာတစ်ဝန်းရှိ အမျိုးသမီးများသည် သုံးဦးလျှင် တစ်ဦးမှာ အကြမ်းဖက်မှုတစ်ခုခုကို ကြုံတွေ့ရလျက်ရှိသည်။ အကြမ်းဖက်မှုပုံစံများကို လေ့လာကြည့်ရာတွင် ကိုယ်ထိလက်ရောက်အကြမ်းဖက်ခြင်း၊ လူကုန်ကူးခြင်းနှင့် ပြည့်တန်ဆာအဖြစ် စေခိုင်းခံရခြင်း၊ ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရအောင် နှိပ်စက်ညှဉ်းပန်းခံရခြင်း၊ မသန်စွမ်းအဖြစ်ရောက်ရှိရခြင်း၊ အသက်သေဆုံးရခြင်းထိ ဖြစ်ပွားလျက်ရှိသည်။ ယခုခေတ်တွင် ထပ်တိုးလာသော အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပုံစံတစ်မျိုးမှာ အင်တာနက်သတင်းအချက်အလက်နည်းပညာအသုံးပြု၍ အွန်လိုင်းမှ နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာကျဆင်းစေသည့် ရုပ်ပုံများဖြန့်ဝေခြင်း၊ နောက်ယောင်ခံ စောင့်ကြည့်ခြင်းတို့ဖြစ်ပြီး အကြမ်းဖက်ခံရသူ အမျိုးသမီးသည် စိတ်ထိခိုက်ခြင်း၊ စိတ်ဓာတ်ကျဆင်းပြီး စိုးရိမ်ကြောင့်ကြနေရခြင်း၊ စိတ်မလုံခြုံစွာ ရပ်တည်နေရခြင်းတို့ကို ကြုံတွေ့ရသည်။

ထို့ကြောင့် အမျိုးသမီးများကို မည်သည့်အကြမ်းဖက်မှုမျိုးကိုမျှ အကြမ်းဖက်မှုမခံရအောင် ကာကွယ်ကြရန်၊ အကြမ်းဖက်ခံအမျိုးသမီးတို့၏ ဘဝနောင်ရေး စိတ်အေးရစေရန် ပံ့ပိုးကူညီမှုများ ပူးပေါင်းဆောင်ရွက်ကြရန် လူတစ်ဦးချင်းစီတိုင်းတွင် တာဝန်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပြီးပြည့်စုံသော ဖွံ့ဖြိုးတိုးတက်မှု၊ ကမ္ဘာကြီးတစ်ခုလုံး၏ သာယာဝပြောမှုအတွက် နယ်ပယ်အသီးသီးတွင် အမျိုးသားများနှင့် တန်းတူ အမျိုးသမီးများ၏ ပါဝင်မှုကို တိုးတက်အောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အမျိုးသမီးအများစုသည် သားသမီးတို့၏ မိခင်များဖြစ်သည့်အတွက် လက်ဦးဆရာများလည်း ဖြစ်ကြပါသည်။ နိုင်ငံ၏ အနာဂတ်လူငယ်များ ပြုစုပျိုးထောင်ရေးတွင် အဓိကကျသူများအဖြစ် ရပ်တည်နေသူများဖြစ်သည့်အတွက် အမျိုးသမီးများ၏ စွမ်းရည်ကို အကျိုးရှိရှိ အသုံးချနိုင်ရပါမည်။ နိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုနေသော အမျိုးသမီးများ စွမ်းဆောင်ရည်များကြောင့် နိုင်ငံအတွက် အလွန်အဖိုးထိုက်တန်လှသော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာပြီး ပိုမိုကောင်းမွန်ပြည့်စုံသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ အမျိုးသမီးများအားလုံး ကျား၊ မ မခွဲ သာတူညီမျှဖွံ့ဖြိုးတိုးတက်မှုအခွင့်အရေးရရှိစေရေးကို နိုင်ငံသားတိုင်း အတူလက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ နိုဝင်ဘာ ၁၃ရက်မှ ၂၀ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၅၁ စီးရှိခဲ့



**မန္တလေး နိုဝင်ဘာ ၂၄**

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ နိုဝင်ဘာ ၁၃ ရက်မှ ၂၀ ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၅၁ စီးရှိခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

ယခုအခါ ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်သော်လည်း ရေကြောင်းကျပ်တည်းမှုမရှိဘဲ ရေလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း၊ ရေလမ်းကြောင်းကောင်းမွန်သည့်အပြင် မန္တလေးဆိပ်ကမ်းသို့ ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ ပြောင်းဆန်၊ ဆား၊ သကြား၊ ကျောက်မီးသွေး၊ ကြံဖတ်၊ ပဲဖတ်၊ သံတိုသံစ စသည့်ကုန်စည်များ တင်ပို့သည့် ကုန်တင်ရေယာဉ်များလည်း များပြားကြောင်း သိရသည်။

"အခုက ဧရာဝတီမြစ်အတွင်း ရေနည်းချိန်ကာလဖြစ်ပေမဲ့ ရေလမ်းကြောင်းက ကောင်းနေတယ်ဆိုပြီး မန္တလေးဆိပ်ကမ်းကို အခြားမြို့တွေကနေ ကုန်စည်အပါအဝင် ခရီးသည်တင်ဆောင်ပြေးဆွဲပေးနေတဲ့ရေယာဉ်တွေအနေနဲ့ ကုန်တင်ချိန်အများကြီး တင်ဆောင်သွားလာတာမျိုးမလုပ်ကြဖို့ လိုပါတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

ရန်ကုန်၊ ကသာ၊ ဗန်းမော်မြို့တို့မှ မန္တလေးဆိပ်ကမ်းသို့ နိုဝင်ဘာ ၁၃ရက်မှ ၂၀ ရက်ထိတင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ပြောင်းဆန်တန်ချိန် ၈၈၀၊ ကျောက်မီးသွေး ၄၀၂၃ တန်၊ ဆားတန်ချိန် ၈၉၀၊ သကြား ၁၂၅ တန်၊ ကြံဖတ်နှင့် ပဲဖတ် ၇၆၁၈ တန်၊ သံတိုသံစ ၅၀ ဒသမ ၂၃ တန် တင်ပို့ခဲ့ကြောင်း သိရသည်။

အလားတူ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့နံနက် ၆ နာရီ မိနစ် ၃၀ တွင် တိုင်းတာရရှိသော မြစ်ရေအခြေအနေများမှာ မြစ်ကြီးနားမြို့တွင် ၂၃၄ စင်တီမီတာ၊ ဗန်းမော်မြို့တွင် ၃၉၅ စင်တီမီတာ၊ ရွှေကူမြို့တွင် ၃၀၅ စင်တီမီတာ၊ ကသာမြို့တွင် ၃၂၈ စင်တီမီတာ၊ မန္တလေးမြို့တွင် ၄၉၆ စင်တီမီတာထိရှိကြောင်း သိရသည်။

(၁၈၄)

# တစ်ပတ်အတွင်း မန္တလေး မြေဈေးကွက်

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေး အိမ်ခြံမြေဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ဝင်ရောက်လာပြီး အငှားဈေးကွက်လည်း ပို၍များလာကာ မြို့တွင်းပိုင်းအချက်အချာကျသည့် နေရာများ ငှားရမ်းလိုမှု ပို၍များနေကြောင်း အိမ်ခြံမြေဈေးကွက်အတွင်းမှ သိရသည်။

ငှားရမ်းမှုများတွင် လူနေထိုင်မှုနှင့် ဆိုင်ခန်းဖွင့်လှစ်ရန်ကောင်းသော အချက်အချာကျသည့် အဓိကလမ်းမကြီးများနှင့် လူစည်ကားရာ ရပ်ကွက်ကြီးများတွင် ငှားရမ်းလိုမှု အများဆုံးဖြစ်နေပြီး ဈေးဆိုင်များ၊ ရုံးခန်းများဖွင့်လှစ်ရန်၊ စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် မြေနေရာ အကျယ်အဝန်း လုံလောက်စွာရှိသောနေရာများ ပို၍ အငှားဖြစ်နေကြောင်း သိရသည်။

"အငှားဘက် ပိုဖြစ်လာတယ်လို့ ပြောလို့ရတယ်။ ဈေးနှုန်းတွေလဲ မြင့်လာတယ်။ အရင်က လူပါနေလို့ရတဲ့ ဆိုင်ခန်းတစ်ခန်းဆိုရင် ငွေကျပ် ၂၅၀၀၀၀၊ ၃၀၀၀၀၀ လောက်သုံးနိုင်ရင်ရတယ်။ အခုက အနည်းဆုံးကို ငွေကျပ် ၃၀၀၀၀၀ ကျော်မှရတော့တယ်။ မြို့တွင်းပိုင်း လမ်းမကြီးတွေနဲ့ အချက်အချာကျတဲ့နေရာတွေ ပိုရှားခိုင်းတယ်"ဟု ချမ်းမြသာစည်မြို့နယ်မှ အိမ်ခြံမြေအကျိုးတော်ဆောင် ဦးဌေးဝင်းက ပြောပြသည်။

ငှားရမ်းမှုဈေးနှုန်းများအနေဖြင့် တစ်လလျှင် ငွေကျပ် ၇၀၀၀၀ မှ ၅၀၀၀၀၀ ခန့်ထိရှိနေပြီး တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ခန့်ဈေးတန်းရှိ အိမ်ခန်းများ၊ လုံးချင်းနေအိမ်များကို ငှားရမ်းမှု အများဆုံးဖြစ်ကြောင်း သိရသည်။

မြို့တွင်းပိုင်း၌ ၇၃ လမ်းမတန်း (လမ်း ၃၀ မှ မန္တလေးတက္ကသိုလ် အနီးဝန်းကျင်ရပ်ကွက်များ)၊ ဆေးတက္ကသိုလ်အနီးဝန်းကျင် ရပ်ကွက်များ၊ မင်္ဂလာမန္တလေးအနီးဝန်းကျင် ရပ်ကွက်များ၊ ၆၂ လမ်းမတန်း (မနော်ဟရီလမ်းမှ ၁၉ လမ်း)၊ ၃၅ လမ်းမတန်း(၆၂ လမ်းမှ ၈၄ လမ်း)၊ လမ်း ၃၀ (၈၄ လမ်းမှ ၆၂ လမ်း) များတွင် ငှားရမ်းလိုမှုအများဆုံး ဖြစ်ကြောင်း သိရသည်။

အိမ်ခြံမြေ အရောင်းအဝယ်ပြုလုပ်ရာတွင် အမည်ပေါက်ဂရန်မြေများမှာ စိတ်ဝင်စားမှုများနေဆဲဖြစ်သောကြောင့် ဈေးနှုန်းများလည်း မြင့်တက်နေကြောင်း၊ ယခုလအတွင်း ငွေကျပ်သိန်းသောင်းကြီးပိုင်းများထိ အရောင်းအဝယ်ဖြစ်လာကြောင်း သိရသည်။

အိမ်ခြံမြေဈေးနှုန်းများအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ် အရှေ့ခြမ်းနှင့် ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၅၀၀ နှင့်အထက်၊ အမရပူရမြို့နယ် ရပ်ကွက်အတွင်းပိုင်းရှိ လမ်းတင်မြေကွက်များမှာ ငွေကျပ်သိန်း ၈၀၀ ခန့်နှင့်အထက်၊ ကြားကွက်များမှာ ငွေကျပ်သိန်း ၃၀၀ မှ သိန်း ၁၀၀၀ ခန့်ရှိကြောင်း အိမ်ခြံမြေ အကျိုးတော်ဆောင် ဦးဌေးဝင်းထံမှ သိရသည်။

(၁၇၃)

# မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိ

**မန္တလေး နိုဝင်ဘာ ၂၄**

မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုတွင် ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး ပူးပေါင်းအဖွဲ့ဖြင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုဖြစ်သည့် ချမ်းမြရွှေပြည်၊ မဟာအောင်မြေ၊ ပြည်ကြီးမျက်ရှင်၊ ဒေါနဘွားနှင့် သီရိမန္တလာအဝေးပြေးယာဉ်ရပ်နားစခန်းတို့တွင် ခရီးသည်တင်ယာဉ်များနှင့် သုံးဘီးယာဉ်များ ကားကွင်းအတွင်း ရှုပ်ထွေးကာ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့် အဝေးပြေးယာဉ်ရပ်နားစခန်းများ၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် နိုဝင်ဘာလ တတိယပတ်မှစ၍ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

"အဝေးပြေးယာဉ်ရပ်နားစခန်းတွေထဲမှာ ခရီးသည်တင်ယာဉ်တွေအပါအဝင် ခရီးသည်တင်သုံးဘီးယာဉ်တွေနဲ့ ပြည့်နှက်ပြီး ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေဖို့အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်။ အဓိကကတော့ သုံးဘီးယာဉ်တွေ ကားကွင်းအတွင်းမှာ ခရီးသည်အတင်အချပြုလုပ်ပြီးရင် တစ်ခါတည်း ပြန်ထွက်ဖို့ဖြစ်ပါတယ်။ အချိန်ကြာမြင့်စွာရပ်နေတဲ့ သုံးဘီးယာဉ်တွေကိုလဲ အထူးကြပ်မတ်ထိန်းသိမ်းမှုလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးရဲထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သရက်မြို့နယ် အကောက်တဲကျေးရွာ၌ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**သရက် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောက်တဲကျေးရွာ၌ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များ၊ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ အကောက်တဲကျေးရွာ၌ ကျေးရွာတွင်း မြေနီလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်တည်ဆောက်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့်အဖွဲ့ဝင်များက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အကောက်တဲကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၄၃၀၀၊ အကျယ် ၁၈ ပေ၊ အမြင့် ခြောက်လက်မရှိ မြေနီလမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးငွေကျပ် သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာ ၂၇ ရက်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းထံမှသိရသည်။ **ခင်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ သုခမ္မမဏိဓေဘာစရ ဦးမြင့်အောင်-သီဟသုဓမ္မသိင်္ဂါဒေါ်မြင့်မြင့်ရီ မိသားစုက ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၆၀၀၀၀၀ လှူဒါန်းရာ စီမံဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူစဉ်။

# ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၈ ဧက စိုက်ပျိုးမည်



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

**ပုသိမ် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၈ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြ၍ သိရသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၅၆၈ ဧကကိုလာမည့် ဒီဇင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေကြာ ၁၅၆၈ ဧကရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက လယ်မြေများထိကွင်းဆင်းပြီး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကန်ကြီးထောင့်မြို့နယ်မှာ နေကြာ ၁၅၆၈ ဧကစိုက်ပျိုးမှာဖြစ်ပါတယ်။ နေကြာစိုက်ပျိုးထုတ်လုပ်နိုင်ဖို့အတွက် လိုအပ်တဲ့ နည်းပညာတွေကို စတင်မစိုက်ခင် စီမံဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးမဲ့ နေကြာအမျိုးအစားတွေကတော့ တောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနက စနစ်တကျရွေးချယ်ပေးထားပါတယ်။ နေကြာခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ အထွက်နှုန်းတိုးစေဖို့၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့ ကွင်းဆင်းပြီး ဆက်လက်ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းစိုးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံများစိုက်ပျိုးနိုင်ရန် နည်းပညာများ၊ လိုအပ်သောပံ့ပိုးမှုများ၊ မြေဆီလွှာပြုပြင်ခြင်း စသည့်လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မိတ္ထီလာမြို့နယ် မြောက်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိတ္ထီလာ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းဝင် ကျေးရွာဖြစ်သည့် မြောက်လည်ကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စတုတ္ထအကြိမ်အဖြစ် မိတ္ထီလာမြို့နယ် မြောက်လည်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၁၄၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၁ ဦးကို ငွေကျပ် ၁၀၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၁၃၁ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၄ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# သနပ်ပင်မြို့နယ် မင်းရွာကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်နေမှု စစ်ဆေး

**သနပ်ပင် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မင်းရွာကျောင်းစုကျေးရွာအုပ်စု မင်းရွာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သနပ်ပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) တာဝန်ခံတို့နှင့်အတူ မင်းရွာကျေးရွာ၌ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါကလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

မင်းရွာကျေးရွာ၌ အလျားပေ ၁၂၈၀၊ အနံ ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ဂဝံမြေခင်းခြင်းလုပ်ငန်းနှင့် ဆိုလာရေသန့်စင်စက်တပ်ဆင်ခြင်းလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ ဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာလူထုကိုယ်တိုင် စက်တင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သနပ်ပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကေသီထွန်းထံမှ သိရသည်။

**ချစ်ဦးကို**



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒ့်အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၀၅၀ စိုက်ပျိုးပြီးစီး

**မင်းကင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ဧက ၁၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၃၉၀၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။



ယခင်နှစ်က တိုင်ထောင်ခရမ်းချဉ်စိုက်ခင်းကို တွေ့ရစဉ်။

"ဒီနှစ် မင်းကင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၃၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကတော့ တစ်နှစ်ထက် တစ်နှစ် တိုးလာပါတယ်။ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာမှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့သီးနှံတွေဖြစ်စေဖို့ စိုက်ပျိုးရေးနည်းစနစ်တွေကို ဆောင်ရွက်ပေးနေပါတယ်။ တိုင်ထောင်ခရမ်းချဉ်၊ မုန့်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ခရမ်း၊ မုန်လာထုပ်စတဲ့သီးနှံတွေ ဖြစ်ပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မင်းကင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၃၉၀၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် မင်းကင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေသြဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ကံလှကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်တွင်းကြီး နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကံပေးကြီးကျေးရွာအုပ်စု ကံလှကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း တာဝန်ခံဝန်ထမ်းများက ကံလှကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားသည်။

ကံလှကျေးရွာ၌ အရှည် ၆၇၇ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူလူထုထည့်ဝင်ငွေကျပ်တစ်သန်း စုစုပေါင်းငွေကျပ် ၁၆ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ်အောက်တိုဘာလဒုတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် ကံလှကျေးရွာရှိ အိမ်ခြေ ၁၅၁ အိမ်၊ လူ ၆၇၇ ဦးတို့ ရာသီမရွေးသွားလာရ လွယ်ကူမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နွဲ့ယဉ်**

## အစဉ်လာမှန် စာပေဗိမာန်

\- တစ်ထောင့်ကိုးရာ လေးဆယ့်ခုနစ်ဆီက
ဖြစ်တည်ရ သူ့ပုံလွှာ၊
ကြိုးစားကာ ခရီးဆက်
လှမ်းမပျက်ပါ၊
ခေတ်စနစ်နဲ့ညီစွာ
စာပေမှာ တင့်ဖို့အရေး၊
ကလောင်ရှင်တွေ ရေးသားဖို့
အလေးထားကာ နည်းအဖုံဖုံနဲ့
ပြိုင်ပွဲပုံ လမ်းဖွင့်ပြုတယ်
ဆုချီးမြှင့်ပေး။

\- အမျိုးသားစာပေ မြင့်ဖို့အတွက်
ရှုမျှော်လျက် ရည်သန်၊
စိန်ရတုကျော် လှမ်းချီခဲ့
တို့ရဲ့ဗိမာန်၊
ပြည်ကျိုးပြု စာပေမှန်
ပေါ်ထွန်းရန် အားပေး၊
ပညာရှင်တွေ ဖွဲ့စည်းပြုလို့
ဖတ်ရှုစစ်ရွေး။

\- စာရေးသူ ရွက်ပုန်းသီးကို
ဆက်ထုံးနည်း လမ်းပြရှာ၊
ခက်ခဲသူ ဆရာများအတွက်
အားတစ်လက်ပါ၊
နိုင်ငံတော်ရဲ့ စေတနာ
ထိုက်တန်စွာ ချီးမြှောက်၊
ခေတ်အဆက်ဆက်မှာဖြင့်
ချစ်မပျက် ကလောင်စုံတို့
ဆရာ့ဂုဏ် ဘယ်မညှိုးဘဲ
တိုးလို့ ထွန်းဖောက်။

\- ကလောင်ဟောင်း ကလောင်သစ်
ခွဲခြားရစ် မချန်ပေ၊
စာပေနယ် စင်အမြင့်
သူ မြှင့်တင်နေ၊
စာပေဆု အထွေထွေ
နှစ်စဉ်ပေ အပ်နှင်း၊
သူ့ရင်ခွင် လက်ထက်ပွားတို့
ထွန်းကားထင်လင်း။

\- ဂန္ထဝင် ပုံအခန့်ခန့်
ထုံရနံ့ စာပေနယ်မှာ
သာစေကွယ် မြဲမပြတ်၊
အမျိုးသားရေး စဉ်အလာနဲ့
မင်္ဂလာ စာပေကောင်း
လမ်းကြောင်းတည့်မတ်။ ။

(စာပေဗိမာန် စာမူဆုပြိုင်ပွဲနှင့် ဆုနှင်းသဘင်ကို ဂုဏ်ပြုလျက်)

**ညွန့်ဝင်း(နတ်တလင်း)**

## နိုင်ငံတကာ သတင်းများ

# သူလျှိုဂြိုဟ်တုလွှတ်တင်မှု ကိုယ့်ကိုယ်ကိုယ် ကာကွယ်ပိုင်ခွင့်အသုံးချမှုအဖြစ် ကင်ဂျုံအန် ပြောကြား

**ပြုံယမ်း နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၂၁ ရက်ကပြုလုပ်ခဲ့သည့် သူလျှိုဂြိုဟ်တုလွှတ်တင်မှုသည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က နိုဝင်ဘာ ၂၃ ရက်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသူလျှိုဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းပေါ်သို့ အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရက နိုဝင်ဘာ ၂၁ ရက်တွင် ကြေညာထားသည်။

အဆိုပါသူလျှိုဂြိုဟ်တုလွှတ်တင်မှုကို ကုလသမဂ္ဂဆုံးဖြတ်ချက်များအား ချိုးဖောက်မှုအဖြစ် အမေရိကန်နှင့် တောင်ကိုရီးယားအပါအဝင် မဟာမိတ်နိုင်ငံများက ဝေဖန်စွပ်စွဲထားသည်။

သို့ရာတွင် မိမိတို့၏သူလျှိုဂြိုဟ်တုလွှတ်တင်မှုသည် ကိုယ့်ကိုယ်ကိုယ်ကာကွယ်ပိုင်ခွင့်ကို ကျင့်သုံးခြင်းဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

အမျိုးသားအာကာသနည်းပညာဌာနမှ သိပ္ပံပညာရှင်များ၊ကျွမ်းကျင်သူများနှင့်တွေ့ဆုံစဉ် မြောက်ကိုရီးယားခေါင်းဆောင်က ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရအာဘော်ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားနိုင်ငံသည် ယခုနှစ်အတွင်း စစ်သုံးသူလျှိုဂြိုဟ်တု လွှတ်တင်ရေးအတွက် သုံးကြိမ်ကြိုးပမ်းခဲ့ရာ နှစ်ကြိမ် အောင်မြင်မှုမရှိခဲ့ဘဲ နိုဝင်ဘာ ၂၁ ရက်မစ်ရှင်တွင် အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့ကြား လေးရက်ကြာအပစ်အခတ်ရပ်စဲမှု စတင်

**ဂျေရုဆလင် နိုဝင်ဘာ ၂၄**

တိုက်ပွဲများ လေးရက်ကြာရပ်ဆိုင်းထားရေး သဘောတူညီချက်အရ အစ္စရေးနှင့် ဂါဇာအခြေစိုက် ဟားမတ်စ်အုပ်စုတို့သည် ယနေ့တွင် အပစ်အခတ်ရပ်စဲမှု စတင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။


အပစ်အခတ်ရပ်စဲမှုစတင်သည့် ယနေ့မှာပင် ဟားမတ်စ်အုပ်စုကဖမ်းဆီးထားသည့် ဓားစာခံအစ္စရေးအမျိုးသမီးနှင့် ကလေး ၁၃ ဦးတို့စတင်လွှတ်ပေးမည်ဖြစ်ပြီး ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ စတင်ဝင်ရောက်မည်ဖြစ်သည်။

၄၈ ရက်ကြာမြင့်ခဲ့ပြီဖြစ်သည့် ဂါဇာစစ်ပွဲ၏ ပထမအကြိမ်အပစ်အခတ်ရပ်စဲမှုကို အစ္စရေးနှင့် ဟားမတ်စ်တို့က ယနေ့ ဒေသစံတော်ချိန် နံနက် ၇ နာရီတွင် စတင်ခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲများစတင်ရပ်ဆိုင်းခဲ့သည့်နေ့တွင် အပစ်အခတ်ရပ်စဲရေး ချိုးဖောက်မှုများရှိခဲ့ကြောင်း အစ္စရေးနှင့်ဟားမတ်စ်တို့က အပြန်အလှန်စွပ်စွဲထားသည့်တိုင် ဒုံးကျည်တိုက်ခိုက်မှု၊ ဗုံးကြဲတိုက်ခိုက်မှုနှင့် အမြောက်ပစ်ခတ်တိုက်ခိုက်မှုကဲ့သို့ ကြီးမားသည့်တိုက်ခိုက်မှုများမရှိခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ တိုက်ပွဲများရပ်ဆိုင်းထားသည့် လေးရက်တာကာလအတွင်း ဟားမတ်စ်အုပ်စုအနေဖြင့် ၎င်းတို့ဖမ်းဆီးထားသည့် ဓားစာခံများအနက် ဦးရေ ၅၀ ကို အသုတ်လိုက်ခွဲ၍ ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



# ပြည်ပခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာကင်းလွတ်ခွင့် တရုတ်ထပ်မံကမ်းလှမ်း




**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်နိုင်ငံသို့လာရောက်မည့် ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ နယ်သာလန်၊ စပိန်နှင့် မလေးရှားနိုင်ငံသားများကို ဗီဇာကင်းလွတ်ခွင့် ယာယီပေးရန် တရုတ်နိုင်ငံကစီစဉ်ထားကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှု ကပ်ဘေးအလွန်ကာလ ခရီးသွားလုပ်ငန်း ပြန်လည်အားကောင်းလာရေးအတွက် အဆိုပါနိုင်ငံများမှ နိုင်ငံသားများကို တရုတ်နိုင်ငံက ဗီဇာကင်းလွတ်ခွင့်ယာယီပေးရန် စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါနိုင်ငံများမှ နိုင်ငံသားများအနေဖြင့် စီးပွားရေးခရီးစဉ်များ၊ အလည်အပတ် ခရီးစဉ်များဖြင့် တရုတ်နိုင်ငံသို့ လာရောက်မည်ဆိုပါက ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၃၀ ရက်ထိ ဗီဇာကင်းလွတ်ခွင့်ရမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ ကပ်ဘေးအလွန်ကာလ၌ ခရီးသွားလုပ်ငန်း ပြန်လည်အားကောင်းလာရေးအတွက် ပြီးခဲ့သည့်လများအတွင်း နိုင်ငံတကာလေကြောင်းခရီးစဉ်များ ပြန်လည်စတင်ခွင့်ပေးခဲ့သည်။

ယခုလအစောပိုင်းကလည်း တရုတ်နိုင်ငံသည် ပြည်ပခရီးသည်များအတွက် ဗီဇာယာယီကင်းလွတ်ခွင့်ကို နော်ဝေနိုင်ငံသားများအပါအဝင် နိုင်ငံပေါင်း ၅၄ နိုင်ငံမှ နိုင်ငံသားများကိုပေးအပ်ခဲ့ပြီးဖြစ်သည်။

ထို့အတူ ယခုနှစ် ဩဂုတ်လတွင်လည်း တရုတ်နိုင်ငံသို့ ပြည်တွင်းအဝင် ခရီးသည်များအတွက် သတ်မှတ်ထားသော ကိုဗစ်-၁၉ ရောဂါစစ်ဆေးမှုစည်းမျဉ်းကိုလည်း ပယ်ဖျက်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# လွန်တူးစက်ပြဿနာတစ်ရပ်ကြောင့် မြေပြိုမှုတွင်ပိတ်မိနေသည့် အလုပ်သမားများ ကယ်တင်ရေးလုပ်ငန်း ခေတ္တရပ်နားထား

**ဒေလီ နိုဝင်ဘာ ၂၄**



လွန်တူးစက်ပြဿနာတစ်ရပ်ကြောင့် ဥတ္တရာခန်းပြည်နယ် အဝေးပြေးလမ်း ဥမင်စီမံကိန်း မြေပြိုမှုတွင် ပိတ်မိနေသည့်အလုပ်သမားများအား အမြန်ဆုံးကယ်ထုတ်နိုင်ရေးမျှော်လင့်ချက်ပျက်ပြယ်ခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်။

သို့ရာတွင် ပိတ်မိအလုပ်သမားများအား ကယ်တင်နိုင်ရေးအတွက် လွန်တူးစက်ဖြင့် တူးဖော်မှုကို မကြာမီ ပြန်လည်စတင်နိုင်ရန် အိန္ဒိယအစိုးရ တာဝန်ရှိသူများက မျှော်လင့်ထားသည်။

အိန္ဒိယကယ်ဆယ်ရေးသမားများသည် မြေပြိုမှုတွင် ပိတ်မိအလုပ်သမား ၄၁ ဦးကိုကယ်တင်နိုင်ရေးအတွက် မြေစာပုံကိုလွန်တူးစက်များဖြင့် တူးဖော်နေသော်လည်း မြေအောက်တွင် အခုအခံများရှိနေမှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ကြန့်ကြာခဲ့ရသည်။

ကယ်ဆယ်ရေးသမားများသည် မြေစာပုံတူးဖော်မှုလုပ်ငန်းကို နိုဝင်ဘာ ၂၃ ရက်တွင် အပြီးသတ်နိုင်ရန် မျှော်လင့်ထားသော်လည်း လွန်တူးစက်ပြဿနာတစ်ရပ်ကြောင့် လက်ရှိတွင် တူးဖော်မှုကိုရပ်ဆိုင်းထားရသည်။

ဥတ္တရာခန်းပြည်နယ် အဝေးပြေးလမ်းပေါ်၌ အကောင်အထည်ဖော်နေသော ဥမင်လမ်းစီမံကိန်းမြေပြိုမှုသည် နိုဝင်ဘာ ၁၂ ရက်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် ကယ်ဆယ်ရေးသမားများသည် မြေစာပုံကို ၁၅ မီတာထိဆက်လက်တူးဖော်ရန် လိုအပ်နေကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ တစ်ရက်တည်း လေးကြိမ်ထိတိုက်ခိုက်ခံရ

**ဝါရှင်တန် နိုဝင်ဘာ ၂၄**

အီရတ်နှင့်ဆီးရီးယားနိုင်ငံတို့၌ တပ်စွဲထားသည့် အမေရိကန်တပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၃ ရက် တစ်ရက်တည်းမှာပင် ဒုံးကျည်များ၊ လက်နက် တပ်ဆင်ထားသည့် မောင်းသူမဲ့ လေယာဉ်များဖြင့် လေးကြိမ်တိုင်တိုင် တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

ဆီးရီးယားအနောက်မြောက်ပိုင်းရှိ နေရာနှစ်ခုတို့၌တပ်စွဲထားသည့် အမေရိကန်နှင့် နိုင်ငံတကာတပ်ဖွဲ့ဝင်များမှာ ဒုံးကျည်များ၊မောင်းသူမဲ့လေယာဉ်များဖြင့် နိုဝင်ဘာ ၂၃ ရက်တွင် တိုက်ခိုက်ခံခဲ့ရကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အိုင်းအယ်လ်အာဆတ် လေတပ်စခန်း၌ တပ်စွဲထားသည့် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် အီရတ်မြောက်ပိုင်း အာရ်ဟီး လေဆိပ်အနီး တပ်စွဲထားသည့် အမေရိကန် တပ်ဖွဲ့ဝင်များသည်လည်း နိုဝင်ဘာ ၂၃ ရက်မှာပင် မောင်းသူမဲ့လေယာဉ်များဖြင့်တိုက်ခိုက်ခံခဲ့ရသည်။

နိုဝင်ဘာ ၂၃ ရက် တိုက်ခိုက်မှုများကြောင့် တပ်ဖွဲ့ဝင်များထိခိုက်မှုမရှိခဲ့သလို အခြေခံအဆောက်အအုံပျက်စီးမှုများလည်းမရှိခဲ့ကြောင်း အမေရိကန် တာဝန်ရှိသူများက ပြောကြားသည်။

အီရတ်နိုင်ငံအတွင်းရှိ အီရန် ကျောထောက်နောက်ခံပြုပြည်သူ့စစ်အုပ်စုတစ်ခု၏ပစ်မှတ်များကို အမေရိကန်စစ်ဘက်က တိုက်ခိုက်ခဲ့ပြီး တစ်ရက်အကြာတွင် အီရတ်နှင့်ဆီးရီးယားတို့၌ တပ်စွဲထားသည့် အမေရိကန် တပ်ဖွဲ့ဝင်များ လေးကြိမ်ထိ တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။

အစ္စရေးနှင့်ဟားမတ်စ်စစ်ပွဲစတင်ခဲ့သည့် အောက်တိုဘာ ၇ ရက်နောက်ပိုင်း အီရတ်နိုင်ငံအတွင်းရှိ အမေရိကန် တပ်ဖွဲ့ဝင်များမှာ ၃၆ ကြိမ် တိုက်ခိုက်ခံခဲ့ရပြီး ဆီးရီးယားနိုင်ငံ၏ တပ်ဖွဲ့ဝင်များမှာ ၃၇ ကြိမ် တိုက်ခိုက်ခံခဲ့ရကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို လွှတ်တင်ခဲ့



**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် နည်းပညာစမ်းသပ်ဂြိုဟ်တုတစ်စင်းကို နိုဝင်ဘာ ၂၃ ရက်က အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ နည်းပညာစမ်းသပ်ဂြိုဟ်တုကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်းပြည်နယ် ရှီချန်းအာကာသစခန်းမှတစ်ဆင့် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံသည် နည်းပညာစမ်းသပ် ဂြိုဟ်တုကို သတ်မှတ် ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်ပေးခဲ့သည်။

နိုဝင်ဘာ ၂၃ ရက် မစ်ရှင်သည် လောင်းမတ်ချ်အုပ်စုဝင် ဒုံးပျံများ၏ ၅၉၈ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက ကြေညာထားသည်။

လောင်းမတ်ချ်-၂ ဒီ အမျိုးအစားဒုံးပျံများအတွက်မူ နိုဝင်ဘာ ၂၃ ရက်မစ်ရှင်သည် ၈၄ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်သည်။

လောင်စာရည် သုံးစွဲသည့် လောင်းမတ်ချ်-၂ ဒီ ဒုံးပျံများသည် အလေးချိန် ၁ ဒသမ ၃ တန်ရှိသော ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၇၀၀ အကွာတွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## စကြဝဠာတစ်နေရာမှ ကမ္ဘာဆီသို့ရောက်ရှိလာသော အင်အားအပြင်းထန်ဆုံး စကြဝဠာရောင်ခြည်များကို အမေရိကန်သိပ္ပံပညာရှင်များ ထောက်လှမ်းတွေ့ရှိ

**ဝါရှင်တန် နိုဝင်ဘာ ၂၄**


စကြဝဠာတစ်နေရာမှ ကမ္ဘာဆီသို့ရောက်ရှိလာသော အင်အားအပြင်းထန်ဆုံး စကြဝဠာရောင်ခြည်များကို အမေရိကန်သိပ္ပံပညာရှင်များက ထောက်လှမ်းတွေ့ရှိခဲ့ရကြောင်း နိုဝင်ဘာ ၂၃ ရက်သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ယူတားပြည်နယ်အခြေစိုက် ရေဒီယိုတယ်လီစကုပ်စနစ်ဖြင့် ထောက်လှမ်းတွေ့ရှိခဲ့သည့် အဆိုပါစကြဝဠာရောင်ခြည်ရိုက်ခတ်မှုဖြစ်စဉ်ကို အမတီရာဆုဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားသည်။

အမတီရာဆုစကြဝဠာ ရောင်ခြည်သည် စွမ်းအင်ပါဝင်မှုအရ အီလက်ထရွန်ဗို့ ၂၄၀ ကွင်တီလီယံထိရှိသည်ဟု အမေရိကန်သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

အီလက်ထရွန်ဗို့ ၂၄၀ ကွင်တီလီယံသည် ၂၄၀ အနောက်တွင် သုည ၁၈ လုံးထိပါဝင်သည့် စွမ်းအင်ပမာဏဖြစ်သည်။

နှိုင်းယှဉ်ကြည့်ပါက လျှပ်စီးလက်မှုတွင်ပါဝင်သည့် အီလက်ထရွန်ဗို့ ပမာဏမှာဗို့သန်း ၃၀၀ သာရှိကြောင်း သိရသည်။



သို့ဖြစ်ရာ စကြဝဠာတစ်နေရာမှ ရောက်ရှိလာသည့် အမတီရာဆုစကြဝဠာရောင်ခြည်သည် သိပ္ပံပညာရှင်များ လေ့လာခဲ့ဖူးသမျှ အားအပြင်းဆုံး စကြဝဠာရောင်ခြည်များထဲတွင် ပါဝင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## အာရီယာနီ-၆ အကြီးစား ဝန်သယ်ဒုံးပျံသစ်ကို ဥရောပအာကာသအေဂျင်စီက ဒုံးအင်ဂျင်စမ်းသပ်မှုပြုလုပ်ခဲ့

**ပဲရစ် နိုဝင်ဘာ ၂၄**

ဥရောပအာကာသအေဂျင်စီသည် အာရီယာနီ-၆ အကြီးစား ဝန်သယ်ဒုံးပျံသစ်ကို နိုဝင်ဘာ ၂၃ ရက်က ဒုံးအင်ဂျင် စမ်းသပ်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။



အာရီယာနီ-၆ ဒုံးပျံ၏ ဒုံးအင်ဂျင်စမ်းသပ်မှုကို ပြင်သစ်ဂီယာနာဒေသ ကိုရူးအာကာသစခန်း၌ ဥရောပ အာကာသအေဂျင်စီက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

စမ်းသပ်မှုပြုလုပ်စဉ်အတွင်း ဥရောပ အာကာသအေဂျင်စီမှ အင်ဂျင်နီယာများသည် အာရီယာနီ-၆ ဒုံးပျံ၏ ဗောလ်ကိုင်း ၂.၁ အမျိုးအစားဒုံးအင်ဂျင်ကို ခုနစ်မိနစ်ကြာ စမ်းသပ်လည်ပတ်ခဲ့ကြောင်း သိရသည်။

အာရီယာနီ-၆ ဒုံးပျံသည် ဥရောပ အာကာသအေဂျင်စီ၏ မျိုးဆက်သစ်ဒုံးပျံဖြစ်ပြီး ပင်မဒုံးယာဉ်ကို ဗောလ်ကိုင်းဒုံးအင်ဂျင်တစ်လုံးတည်း တပ်ဆင်ထားသည်။

ဥရောပ အာကာသအေဂျင်စီသည် အာရီယာနီ-၆ ဒုံးပျံကို လာမည့်နှစ်အတွင်း စမ်းသပ်လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

လက်ရှိအသုံးပြုနေသော အာရီယာနီ-၅ ဒုံးပျံနေရာတွင် အစားထိုးအသုံးပြုရေးအတွက် အာရီယာနီ-၆ ဒုံးပျံကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

# HEALTH

## အသည်းရောဂါကို ကုသပေးနိုင်ဖွယ်ရှိသည့် ကုထုံးသစ်တစ်ရပ် သုတေသနပညာရှင်များ ဖန်တီးထား

**လန်ဒန် နိုဝင်ဘာ ၂၄**

အသက်အန္တရာယ်ရှိသည့် အသည်းရောဂါတစ်မျိုးကို ကုသပေးနိုင်ဖွယ်ရှိသည့် ကုထုံးသစ်တစ်ရပ် ဗြိတိန်သုတေသနပညာရှင်များက ဖန်တီးထားကြောင်း နိုဝင်ဘာ ၂၃ ရက်သတင်းများအရ သိရသည်။

ကုထုံး၏ထိရောက်မှုအာနိသင်ကို အတည်ပြုနိုင်ခဲ့ပါက ၎င်းကုထုံးသည် အသည်းခြောက်ရောဂါ (Cirrhosis) အတွက် ပထမဆုံးကုထုံးဖြစ်လာနိုင်သည်။

အီဒင်ဘာ့ဂ်တက္ကသိုလ်မှ ဗြိတိန်သုတေသနပညာရှင်များ၏ ကုထုံးမှာ လူနာထံမှရယူထားသော မိုနိုဆိုက် (Monocytes) ခေါ် သွေးဖြူဆဲလ်များကို မက်ခရိုဖားဂတ်စ် (Macrophoges) ခေါ် ဆဲလ်များအဖြစ်ပြောင်းလဲ၍ လူနာ၏အသည်းအတွင်း ထည့်သွင်းပေးသည့် ကုထုံးဖြစ်သည်။

ဗြိတိန်သုတေသနပညာရှင်များသည် အဆိုပါကုထုံးကို အသည်းခြောက်လူနာ ၅၀ ခန့်တို့ဖြင့် စမ်းသပ်ခဲ့ရာ အားတက်ဖွယ်ရလဒ်များပေါ်ထွက်လာသည်။

စမ်းသပ်မှုတွင် ပါဝင်သူများအနက် ကုထုံးရယူခဲ့သူ လူနာနှစ်ဦးတို့မှာ ကုထုံးရယူပြီးနောက်ပိုင်း တစ်နှစ်အတွင်း ရောဂါအခြေအနေပိုဆိုးလာမှုမရှိခဲ့ဘဲ ကုထုံးသစ်မရယူထားသူ လူနာ ၂၄ ဦးအနက် လေးဦးတွင် ရောဂါအခြေအနေဆိုးလာပြီး သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အရက်အလွန်အကျွံ သောက်သုံးမှု၊ အဆီများသော အစားအစာများ စားသောက်မှုနှင့် အသည်းရောင်ရောဂါ ဘီနှင့်စီပိုးရပ်များ ကူးစက်ခံရမှုတို့ကြောင့် ဖြစ်ပွားတတ်သည့် အသည်းခြောက်ရောဂါအတွက် ကုထုံးမရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အလွန်အကျွံပြုပြင်ထားသော အစားအစာများကြောင့် လည်ချောင်းကင်ဆာနှင့် ခံတွင်းကင်ဆာဖြစ်ပွားနိုင်

**လန်ဒန် နိုဝင်ဘာ ၂၄**

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအသောက်များ အစားများခြင်းကြောင့် လည်ချောင်းကင်ဆာနှင့် ခံတွင်းကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း သုတေသနပညာရှင်များက နိုဝင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ အရစ္စတိုးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လူပေါင်း ၅၀၀၀၀၀ ခန့်၏ အစားအစာ ရွေးချယ်စားသုံးပုံနှင့် ဘဝနေထိုင်မှုပုံစံများကို အချိန်ယူ လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာမှုမှထွက်ပေါ်လာသည့် ရလဒ်များအရ အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကို စားသုံးမှုမြင့်မားသူများတွင် ခံတွင်းကင်ဆာနှင့် လည်ချောင်းကင်ဆာဖြစ်နိုင်ခြေ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများတွင် ပါဝင်သည့် ဓာတုပစ္စည်းများ၊ ၎င်းအစားအစာများကို ထုပ်ပိုးရာတွင်သုံးသည့် ပစ္စည်းများတွင် ရှိနေတတ်သည့် ဓာတုညစ်ညမ်းမှုများသည် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာများ ဖြစ်ပွားနိုင်ခြေ မြင့်မားမှုနှင့်ဆက်စပ်နေကြောင်း ဗြိတိန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အလွန်အကျွံ ပြုပြင်စီရင်ထားသည့် အစားအစာများသည် ကင်ဆာရောဂါအမျိုးမျိုး ဖြစ်နိုင်ခြေမြင့်တက်လာမှုနှင့် ဆက်စပ်နေသည့် အဝလွန်မှုပြဿနာ၏ နောက်ခံအကြောင်းတရားတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

### စပိန်လာလီဂါ ပွဲစဉ် (၁၄) ပွဲကြိုသုံးသပ်ချက်

STA

**ဆိုစီဒက် Vs ဆီဗီလာ**

**ကစားမည့်ရက်/အချိန် ၂၆-၁၁-၂၀၂၃ (ည ၉:၄၅ နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ဆိုစီဒက် ၂ - ၁ ဆီဗီလာ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ဆိုစီဒက် | - | အိမ်(ရှုံး) | အိမ်(နိုင်) | ဝေး(နိုင်) |
| ဆီဗီလာ | - | ဝေး(သရေ) | ဝေး(ရှုံး) | အိမ်(သရေ) |

နှစ်ပွဲဆက်နိုင်ပွဲရယူထားပြီး ပုံစံကောင်းပြသနေတဲ့ ဆိုစီဒက်အသင်းဟာ အိမ်ကွင်းမှာ ဆီဗီလာအသင်းကို ခြေစွမ်းပိုင်းအသာနဲ့ဖိအားပေးကစားနိုင်မှာပါ။ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေတဲ့ ဆီဗီလာအသင်းကတော့ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိလို့ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဆိုစီဒက်အသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ဆိုစီဒက် ၂ - ၁ ဆီဗီလာ**

### အီတလီစီးရီးအေ ပွဲစဉ် (၁၃) ပွဲကြိုသုံးသပ်ချက်များ

ML

**ကက်ဂလီယာရီ Vs မွန်ဇာ**

**ကစားမည့်ရက်/အချိန် ၂၆-၁၁-၂၀၂၃ (ည ၀၆:၀၀ နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**မရှိ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ကက်ဂလီယာရီ | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| မွန်ဇာ | - | အိမ်(သရေ) | ဝေး(နိုင်) | အိမ်(သရေ) |

နောက်ပိုင်းပွဲစဉ်တွေမှာ ကက်ဂလီယာရီအသင်းဟာ ခြေရည်တူအသင်းတွေကိုအနိုင်ယူပြီး ခြေစွမ်းပိုင်းထက်မြက်နေတာကိုတွေ့ရမှာပါ။ မွန်ဇာအသင်းကလဲ ခြေစွမ်းပိုင်းတည်ငြိမ်နေပေမဲ့ နည်းစနစ်ပိုင်းမှာတော့ နည်းပြရာနီရေးရီရဲ့ ကက်ဂလီယာရီက ပိုကောင်းနေပါတယ်။ ဒါကြောင့် အိမ်ကွင်းအားသာချက်နဲ့နိုင်ပွဲရှာဖွေမဲ့ ကက်ဂလီယာရီကို ရွေးချယ်ရမှာပါ။

**အင်တာနက်ခန့်မှန်း - ကက်ဂလီယာရီ ၁ - ၀ မွန်ဇာ**

**ရိုးမား Vs အူဒီးနီးစ်**

**ကစားမည့်ရက်/အချိန် ၂၆-၁၁-၂၀၂၃ (ည ၁၁:၃၀ နာရီ)**

**နောက်ဆုံးတွေ့ ဆုံမှုရလဒ်**

**ရိုးမား ၃ - ၀ အူဒီးနီးစ်**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| ရိုးမား | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(သရေ) |
| အူဒီးနီးစ် | - | ဝေး(နိုင်) | အိမ်(သရေ) | အိမ်(သရေ) |

ရိုးမားအသင်းဟာ နောက်ဆုံးအိမ်ကွင်း ခြောက်ပွဲဆက်မှာ ရှုံးပွဲမရှိခဲ့ဘဲ ပွဲတိုင်းဂိုးသွင်းနိုင်ခဲ့တာဖြစ်ပါတယ်။ အူဒီးနီးစ်အသင်းအနေနဲ့ ပြီးခဲ့တဲ့နှစ်ပွဲမှာ အသင်းကြီးတွေကိုယှဉ်ကစားပြီး အဝေးကွင်းခံစစ်ပိုင်းတည်ငြိမ်နေတယ်ဆိုပေမဲ့ ရိုးမားနဲ့ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရခဲ့ခြင်းမရှိပါဘူး။ ဒါကြောင့် အိမ်ကွင်းမှာ ရမှတ်ပြန်ရှာရမဲ့ ရိုးမားအသင်းကိုပဲ အားပေးရမှာပါ။

**အင်တာနက်ခန့်မှန်း - ရိုးမား ၂ - ၁ အူဒီးနီးစ်**

### အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် VAR ဒိုင်၏ အငြင်းပွားဖွယ်ရာဆုံးဖြတ်ချက်များကြောင့် လာမည့်ပွဲစဉ်များတွင် VAR ဒိုင်ကို ကူညီပေးနိုင်ရန်အတွက် ဗြိတိန်လေကြောင်းလိုင်းမှ လေယာဉ်မှူးများ၏ အကူအညီကို ရယူသွားမည်ဖြစ်ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက နာပိုလီအသင်းတိုက်စစ်မှူး အိုစီမန်အား ခေါ်ယူမည့်အစီအစဉ်ကိုပြောင်းလဲ၍ တောင်ပံကစားသမား ကဗာရက်ရှီလီယာကို ယူရို သန်း ၁၀၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ML

## မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)တွင် ရခိုင်ယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၀)အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရခိုင်ယူနိုက်တက်အသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး ခြေစွမ်းပိုင်း ကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် ဝေယံထွန်းက GFA အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၁ မိနစ်တွင် ထရာအိုရေးနှင့် ပွဲချိန် ၄၂ မိနစ်တွင် မောင်မောင်စိုးတို့က ရခိုင်ယူနိုက်တက်အသင်းအတွက် ချေပဂိုးနှင့် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် GFA အသင်းက ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်တိုက်စစ်မြှင့် ဖိအားပေးကစားခဲ့သော်လည်း တိုက်စစ်ကစားသမားများအဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ ပွဲချိန် မိနစ် ၉၀ ပြည့်ခဲ့ပြီးနောက် နာကျင်အချိန်ပို ၄ မိနစ်တွင် ကောင်းစည်သူက ရခိုင်ယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုး ထပ်မံ သွင်းယူနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရခိုင်ယူနိုက်တက်အသင်းက GFA အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၂၀)အဖြစ် နိုဝင်ဘာ ၂၅ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ YUSC အားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း၊ ညနေ ၄ နာရီတွင် သုဝဏ္ဏအားကစားကွင်း၌ ISPE အသင်းနှင့်ရတနာပုံအက်ဖ်စီအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

## Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို မင်ဂူလီ ဦးဆောင်

**ဘရစ္စဘိန်း နိုဝင်ဘာ ၂၄**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့တွင် ကျင်းပနေသည့် Australian PGA Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် ဩစတြေးလျဂေါက်သီးရိုက်ကစားသမားမင်ဂူလီက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း သိရသည်။

ဩစတြေးလျဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် အာဒမ်စကော့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၁ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာ၊ လိုင်ရက်စ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၀ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ဗိုလ်စွဲရန် ရေပန်းစားနေသည့် ဩစတြေးလျ ဂေါက်သီးရိုက်ကစားသမားကင်မရွန်းစမစ်မှာ ဒုတိယနေ့တွင် ရလဒ်များဆိုးရွားခဲ့ပြီး Cut စာရင်းဖြင့် လွဲချော်ကာ ပြိုင်ပွဲမှထွက်ခွာခဲ့ရသည်။

မင်ဂူလီက "ပထမနေ့မှာကစားနိုင်ခဲ့တဲ့ လက်စွမ်းကိုဆက်လက်ထိန်းသိမ်းနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ဒီပြိုင်ပွဲဟာ ဩစတြေးလျနိုင်ငံသားတစ်ယောက်အနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတာကိုပဲ ကျေနပ်စရာကောင်းတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ ဩစတြေးလျပရိသတ်တွေ အများကြီးလာရောက်အားပေးနေတဲ့ပြိုင်ပွဲမှာ အခုလိုလက်စွမ်းကောင်းတွေပြသနိုင်ခဲ့တာ အရမ်းဝမ်းသာပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnilk

Trs : AZL

## အာဆင်နယ်အသင်းက ဘရန့်ဖို့ဒ်အသင်းမှ ဂိုးသမားရာယာကို လာမည့်နှစ်တွင် အပြီးသတ်ခေါ်ယူရန်ဆုံးဖြတ်

**လန်ဒန် နိုဝင်ဘာ ၂၄**

အာဆင်နယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ဂိုးသမားရာယာကို အငှားစာချုပ်ကုန်ဆုံးပါက လာမည့် ၂၀၂၄ ခုနှစ်တွင် အပြီးသတ်ခေါ်ယူသွားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

အာဆင်နယ်အသင်းသည် ပြီးခဲ့သည့်နွေရာသီက ဂိုးသမားရမ်ဒေးလ်၏နောက်တွင် ဒုတိယဦးစားပေးဂိုးသမားဖြစ်သည့် မက်တာနာကို နော်တင်ဟမ်အသင်းသို့ အငှားချပြီးနောက် ဂိုးသမားရာယာကို ဒုတိယဦးစားပေးဂိုးသမားအဖြစ် အသုံးပြုရန်အတွက် ဘရန့်ဖို့ဒ်အသင်းမှ စတာလင်ပေါင် သုံးသန်းဖြင့် တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဂိုးသမားရာယာကို မန်ယူအသင်းနှင့်စပါးအသင်းတို့ကလည်း စိတ်ဝင်စားခဲ့သော်လည်း ဘရန့်ဖို့ဒ်အသင်းက ကစားသမားအတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၄၀ ထိတောင်းဆိုသောကြောင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ဘဲ အာဆင်နယ်အသင်းက စတာလင်ပေါင် ၂၇ သန်းဖြင့် အပြီးသတ်ဝယ်ယူခွင့်ပါရှိသည့် တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်နိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်ရှိ ဂိုးသမားရာယာသည် ယခုနှစ်ဘောလုံးရာသီ အာဆင်နယ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၂ ပွဲ ပါဝင်ကစားခဲ့ရာ ခြောက်ပွဲထိ ပေးဂိုးမရှိခဲ့ဘဲ လက်စွမ်းပြသနိုင်ခဲ့သောကြောင့် အသင်း၏ပထမဦးစားပေးဂိုးသမားအဖြစ် ပါဝင်ခွင့်ရရှိနေသူဖြစ်ပြီး အာဆင်နယ်အသင်းက အငှားစာချုပ်ကုန်ဆုံးပါက အပြီးသတ်ဝယ်ယူခွင့်အတွက် ဘရန့်ဖို့ဒ်အသင်းနှင့် ထပ်မံဆွေးနွေးခဲ့ရာ ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့ပြီး ကစားသမားအနေဖြင့်လည်း ကာလရှည်စာချုပ်ချုပ်ဆိုရန် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။




Ref : RT

Trs : ML

# ဩစတြေးလျနိုင်ငံ ပက်သ်မြို့တွင် တောမီးလောင်ကျွမ်းနေပြီး နေအိမ်များသို့ ကူးစက်



**ကင်ဘာရာ နိုဝင်ဘာ ၂၄**

ဩစတြေးလျနိုင်ငံ အနောက်ဩစတြေးလျပြည်နယ် ပက်သ်မြို့တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး နေအိမ်များသို့ကူးစက်လောင်ကျွမ်းနေကြောင်း အနောက်ဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုကို အမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ကျော်ကို အသုံးပြုထားပြီး တောမီးကို ငြိမ်းသတ်လျက်ရှိသော်လည်း မိုးလေဝသအခြေအနေအရ အပူချိန်မြင့်တက်မှုကြောင့် တောမီးလောင်ကျွမ်းမှုမှာ အခြေခံအဆောက်အအုံနှင့် နေအိမ်များသို့ ကူးစက်လောင်ကျွမ်းလာခဲ့ခြင်းဖြစ်ကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် အခြေခံအဆောက်အအုံ ၁၀ လုံးနှင့် နေအိမ်တချို့ မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း သိရသည်။

"တောမီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နိုင်ဖို့အတွက် ဒီနေ့ထိ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အပူချိန်မြင့်တက်နေတဲ့အတွက် တောမီးက အရှိန်မြင့်တက်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ လာမဲ့ ၄၈ နာရီအတွင်း အပူချိန်ကျဆင်းသွားဖွယ်ရှိနေတဲ့အတွက်ကြောင့် တောမီးအရှိန် အနည်းငယ်ကျဆင်းသွားမယ်လို့ သိရပါတယ်။ နေအိမ်တချို့လဲ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့်ပျက်စီးသွားတယ်။ နေအိမ်တွေ မီးထဲပါသွားတဲ့ပြည်သူတွေအတွက် စိတ်မကောင်းဖြစ်မိပါတယ်"ဟု အနောက်ဩစတြေးလျပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ရီတာဆာဖီအိုတီက ပြောကြားခဲ့သည်။

အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ခြင်းကြောင့် တောမီးလောင်ကျွမ်းမှုမှာ ကူးစက်မှုနှုန်း မြန်ဆန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# ဆိုမာလီယာနိုင်ငံတွင် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်

**မိုဂါဒစ်ရှူး နိုဝင်ဘာ ၂၄**

ဆိုမာလီယာနိုင်ငံတွင် ရေကြီးရေလျှံမှုအခြေအနေ မြင့်တက်နေဆဲဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း ဆိုမာလီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ရှယ်ဘယ်လီမြစ်ရေလျှံတက်မှုကြောင့်လည်း ဆိုမာလီယာနိုင်ငံတွင် ရေဘေးအန္တရာယ်ဖြင့် ဆိုးရွားစွာရင်ဆိုင်နေရခြင်းဖြစ်ပြီး ရေဘေးအန္တရာယ် တည်ငြိမ်သွားနိုင်သည့်အခြေအနေကို ခန့်မှန်း၍မရသေးသောကြောင့် နိုင်ငံတော်အဆင့်သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုမာလီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဆိုမာလီယာနိုင်ငံတွင် ရေဘေးအန္တရာယ် ဆိုးရွားစွာရင်ဆိုင်နေရသောဒေသမှာ ဘယ်လက်ဝိန်းဒေသဖြစ်သဖြင့် သေဆုံးသူအများစုနှင့် နေရပ်ကို စွန့်ခွာခဲ့ရသူအများစုမှာ ဘယ်လက်ဝိန်းဒေသမှဖြစ်ကြောင်း၊ ဘယ်လက်ဝိန်းဒေသတွင် ရေဘေးအန္တရာယ်ကြောင့် နေရပ်ကိုစွန့်ခွာခဲ့ရသည့် ဒေသခံများမှာ ဦးရေ ၂၅၀၀၀၀ ထက်မနည်း ရှိနေပြီး ဘယ်လက်ဝိန်းဒေသရှိ လူဦးရေ၏ ၉၀ ရာခိုင်နှုန်းခန့်ထိ နေရပ်ကို စွန့်ခွာခဲ့ရကြောင်း သိရသည်။



ဆိုမာလီယာအာဏာပိုင်အဖွဲ့အစည်းသည် သဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ခဲ့ပြီးနောက် ယာယီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်၍ ရေဘေးသင့်ပြည်သူများကို နေရာချထားရေး ဆောင်ရွက်ပေးလျက်ရှိကာ နိုင်ငံတကာ၏ အကူအညီကို တောင်းခံသွားရန်လည်း ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News
Trs : Sai Sat

# ၂၀၂၄ ခုနှစ်မှစ၍ ဆင်းရဲမှုနှင့် သစ်တောပြုန်းတီးမှု တိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဟု ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗား ပြောကြား

**ဘရာစီးလီးယား နိုဝင်ဘာ ၂၄**

ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားသည် ဗဟိုဘဏ်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများနှင့် ဘရာဇီးလီးယားမြို့တွင် နိုဝင်ဘာ ၂၃ ရက်က တွေ့ဆုံခဲ့ပြီး ၂၀၂၄ ခုနှစ်မှစ၍ ဆင်းရဲမှုနှင့် သစ်တောပြုန်းတီးမှုတိုက်ဖျက်ရေး လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်ကြရန် ပြောကြားခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘရာဇီးနိုင်ငံသည် G20 အဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ လာမည့် ဒီဇင်ဘာ ၁ ရက်တွင် အိန္ဒိယနိုင်ငံထံမှ G20 အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းလက်ခံပြီး G20 အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်သွားမည်ဖြစ်ရာ အလှည့်ကျဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရေးအတွက် ကော်မရှင်ဖွဲ့စည်းမှု ပြုလုပ်လျက်ရှိကြောင်း၊ ရီယိုမြို့တွင် ၂၀၂၄ ခုနှစ်၌ G20 အစည်းအဝေး ကျင်းပနိုင်ရေးအတွက်လည်း ပြင်ဆင်မည်ဖြစ်ကြောင်း သိရသည်။

"သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နေသလို ဆင်းရဲမှုတိုက်ဖျက်ရေးကိုလဲဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီပြဿနာကနေ ရှောင်ဖယ်နေလို့ မရပါဘူး။ အမြန်ဆုံးပြေလည်အောင်ဖြေရှင်းနိုင်ဖို့ လိုအပ်နေပါတယ်"ဟု သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း သစ်တောပြုန်းတီးမှုလျှော့ချရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရာသီဥတုဖောက်ပြန်မှုကို ထိန်းချုပ်နိုင်ခြင်းမရှိပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာဆောင်ရွက်နိုင်မည်မဟုတ်သည့်အတွက် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးကဏ္ဍတွင် အဓိက အရေးကြီးဆုံးဖြစ်သည့် သစ်တောပြုန်းတီးမှုလျှော့ချရေးကို ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်မှစတင်၍ ဆင်းရဲမှုတိုက်ဖျက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိ ဆင်းရဲမှုနှုန်းမြင့်မားသောနိုင်ငံများစာရင်းတွင် ပါဝင်နေသည့်ပြဿနာကို အမြန်ဆုံးဖြေရှင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ လူလာဒါဆေးလ်ဗားက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

## ရေဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့်အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။




၂။ မိသားစုများ အရေးပေါ် ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

(ဥပမာ- အသက်ကယ်ကုန်းမြင့်၊ ရေလွတ်နိုင်သည့်နေရာများ၊ အဆောက်အအုံများ)



၃။ ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သော နေရာတွင် ထားရှိပါ။






၄။ မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ။

၅။ သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ။



၆။ မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်း အစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သော နေရာများကို မြင်သာသော အမှတ်အသား ထားရှိပါ။




၇။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။



# နိုင်ငံ၏ဂျီဒီပီတိုးတက်မှုကိုအထောက်အကူပြုလျက်ရှိသည့် ဘင်္ဂလားဒေ့ရှ်ရွှေ့ပြောင်းလုပ်သားဝင်ငွေများ

ရွှေ့ပြောင်းလုပ်သားများသည် မျက်မှောက်ခေတ် နိုင်ငံစီးပွားရေးတည်ဆောက်မှုတွင် အစိတ်အပိုင်းတစ်ရပ်အဖြစ် ပေါ်ထွက်လာနေသည်ကို တွေ့ရှိရသည်။ နိုင်ငံဆင်းရဲခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ပြည်တွင်းပဋိပက္ခဖြစ်ပွားခြင်းများကြောင့် ရွှေ့ပြောင်းလုပ်သားများ ဖြစ်ပေါ်လေ့ရှိသည်။ သို့ရာတွင် ရွှေ့ပြောင်းလုပ်သားများ ထွက်ပေါ်တိုင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည်။ ဆင်းရဲသည်ဟူ၍ တထစ်ချကောက်ချက်မချနိုင်သည့် နိုင်ငံများလည်းရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မည်သည့်အကြောင်းဖြင့် ရွှေ့ပြောင်းလုပ်သားဖြစ်ရသည်ဖြစ်စေ အဓိကအားဖြင့် ရွှေ့ပြောင်းလုပ်သားများက အမိနိုင်ငံသို့ ငွေလွှဲပေးပို့မှုကို တရားဝင်လုပ်ဆောင်ရန် လိုအပ်သကဲ့သို့ အစိုးရများကလည်း လုံလောက်သည့် အကာအကွယ်ပေးမှု၊ ငွေကြေးစီးဆင်းမှုအတွက် အကူအညီပေးမှုများ ပြုလုပ်ရန် လိုအပ်သည်။

ဘင်္ဂလားဒေ့ရှ်သည် အခြားသောတောင်အာရှနိုင်ငံများကဲ့သို့ပင် ကျွမ်းကျင်ပညာရှင်၊ ကျွမ်းကျင်လုပ်သား၊ အတန်အသင့်ကျွမ်းကျင်သောလုပ်သားနှင့် ကျွမ်းကျင်မှုနည်းသော လုပ်သားအင်အားပေါင်းစပ်မှုဖြင့် လူအင်အားအလျှံပယ်များပြားသောအခြေအနေတွင် ရှိနေသည်။ ပြည်တွင်းလုပ်ခလစာ အလုပ်အကိုင်များသည် ကျွမ်းကျင်မှုနိမ့်ပြီး အတတ်ပညာနည်းသော ကြီးမားသည့်လုပ်သားထုအင်အားကို အပြည့်အဝအလုပ်အကိုင်ရရှိစေနိုင်ခြင်း မရှိပေ။ ဤကြီးမားသော လုပ်သားအင်အားသည် နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ၎င်းတို့၏ မိသားစုစံနှုန်းကိုမြှင့်တင်ရန် နိုင်ငံများ၌ ၎င်းတို့၏ ပါဝင်မှုကို သေချာစေရန်အတွက် အလုပ်လုပ်ရန် လိုအပ်သည်။

အဓိကအားဖြင့် ရွှေ့ပြောင်းအခြေချမှုနှင့် အလုပ်လုပ်ကိုင်မှုသည် နိုင်ငံတော်စီးပွားရေးတွင် အဓိကနည်းလမ်းနှစ်ရပ်ဖြင့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်သည်။ ပထမအချက်မှာ အလုပ်လက်မဲ့ဖြစ်မှုကို လျှော့ချပေးပြီး ဒုတိယအချက်မှာ ရွှေ့ပြောင်းနေထိုင်မှုသည် နိုင်ငံအတွက် ငွေလွှဲစီးဆင်းမှုကိုဖြစ်စေသည်။ တစ်နည်းအားဖြင့် နိုင်ငံခြားဝင်ငွေ ရရှိစေသည်။ ရွှေ့ပြောင်းအခြေချမှုသည် ဘင်္ဂလားဒေ့ရှ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခွင့်အလမ်းကောင်းဖြစ်ပြီး တစ်နှစ်တာအတွင်း တည်ငြိမ်စွာတိုးတက်မှုကို ပြသခဲ့သည်။ ရွှေ့ပြောင်းအခြေချ လုပ်သားများ၏ ငွေလွှဲဝင်မှု (Remittance) သည် တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်လာသည်။ ရွှေ့ပြောင်းခြင်းနှင့် ငွေလွှဲခြင်းကြား ဆက်စပ်မှုများကိုယ်တိုင် သက်သေအထောက်အထားဖြစ်သည်။ ၎င်းတို့နှစ်ခုစလုံးသည် ပြည်တွင်းနိုင်ငံများ၌ ဆင်းရဲမှုလျှော့ချရေးတွင် ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများရှိသည်။ ငွေလွှဲပို့ခြင်းသည် ဘင်္ဂလားဒေ့ရှ်ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ လူမှုစီးပွားတိုးတက်မှုအတွက် အရေးကြီးသောကဏ္ဍတစ်ခုဖြစ်လာသည်။ ငွေလွှဲခြင်းသည် ငွေပေးချေမှုလက်ကျန်ကို ထိန်းသိမ်းရန်နှင့် နိုင်ငံခြားအရန်ငွေကို ကြွယ်ဝစေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းသည် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)အတွက် ကြီးမားသောပံ့ပိုးကူညီမှုတစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် စာမတတ်သူများနှင့် ကျွမ်းကျင်မှုမရှိသော လုပ်သားများ၏ မိသားစုအဆင့်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစားထိုးနည်းလမ်းအဖြစ် ရွှေ့ပြောင်းအခြေချမှုကို တဖြည်းဖြည်းထည့်သွင်းစဉ်းစားလာသည်။

**ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းနေထိုင်သူနှင့်လုပ်သားများ**

ရွှေ့ပြောင်းနေထိုင်ခြင်းသည် ဘင်္ဂလားဒေ့ရှ်ပြည်သူများအတွက် အရေးကြီးသောအသက်မွေးဝမ်းကျောင်း မဟာဗျူဟာဖြစ်လာသည်။ ၎င်းသည် ကျွမ်းကျင်မှုလွှဲပြောင်းခြင်းနှင့် ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေး အစပျိုးမှုများစွာကို မွေးမြူခြင်းဖြင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်နိုင်မှုအပေါ် သိသိသာသာ အပြုသဘောဆောင်သော သက်ရောက်မှုရှိသည်။ ဘင်္ဂလားဒေ့ရှ်တွင် နိုင်ငံတကာသို့ သွားရောက်နေထိုင်သည့် ရှည်လျားသော ရွှေ့ပြောင်းနေထိုင်မှု သမိုင်းကြောင်းရှိနေသည်။ ဗြိတိသျှအုပ်စိုးစဉ်အတွင်း လူတချို့သည် ကုန်သွယ်မှုနှင့် မြင့်မားသောလေ့လာမှုအတွက် ဗြိတိန်နှင့် အမေရိကန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ သို့သော် ၁၉၇၁ ခုနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် အခြားသို့ရွှေ့ပြောင်းမှုများ စီးဆင်းလာသည်။

၁၉၇၀ ပြည့်လွန်နှစ်များတွင် အရှေ့အလယ်ပိုင်းနိုင်ငံများ၏ ရေနံရှာဖွေမှုကြောင့် ကျွမ်းကျင်လုပ်သားနှင့် ကျွမ်းကျင်မှုမရှိသော လုပ်သားများအတွက် ကြီးမားသော လိုအပ်ချက်ရှိခဲ့သည်။ ရွှေ့ပြောင်းနေထိုင်သူ၏ မြင့်မားသောဝင်ငွေသည် ၎င်း၏ ကံကြမ္မာကို ပြောင်းလဲစေရုံသာမက မွေးရပ်မြေရှိသူ၏မိသားစုဘဝကိုလည်း တိုးတက်စေသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် လုပ်သားအင်အားကြီးမားသော အရင်းအမြစ် ပေါကြွယ်ဝသောနိုင်ငံအဖြစ် သတ်မှတ်ခံထားရသည်။ လူသန်း ၆၀ ခန့်သည် တက်ကြွသောလူအင်အားရှိသည့် အလုပ်သမားထုကြီးအဖြစ် ဖွဲ့စည်းထားသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ပြည်ပအလုပ်အကိုင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လေ့ကျင့်သင်ကြားမှုနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် ၎င်း၏ လူအင်အားကို အရင်းအနှီးအဖြစ်သို့ စဉ်ဆက်မပြတ်ပြောင်းလဲလျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရရှိနိုင်သည့် ကျွမ်းကျင်မှုနည်းသော၊ အတန်အသင့်ကျွမ်းကျင်သော၊ ကျွမ်းကျင်ပြီး ပရော်ဖက်ရှင်နယ် လုပ်သားအင်အားအပြည့်အဝကိုသင့်လျော်သောနည်းလမ်းဖြင့် စုပ်ယူရန် ဘင်္ဂလားဒေ့ရှ်အတွက် မဖြစ်နိုင်သောကြောင့် ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများရှာဖွေရန် လိုအပ်သည်။ အခြားနိုင်ငံမှ လူအင်အားတင်သွင်းရန် လိုအပ်နေသော ပြည်ပနိုင်ငံများလည်းရှိသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြည်ပအလုပ်အကိုင်ရရှိရေးကြိုးပမ်းမှုသည် ၁၉၇၆ ခုနှစ်တွင် လုပ်သား ၆၀၇၈ ဦးဖြင့် တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ် ရွှေ့ပြောင်းနေထိုင်သူ ၁၀ ဒသမ ၄၉သန်းခန့်သည် ကမ္ဘာတစ်ဝန်းတွင် အလုပ်လုပ်ကိုင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်မှ နှစ်စဉ်ရွှေ့ပြောင်းနေထိုင်မှုသည် သုည ဒသမ ၃ သန်းမှ သုည ဒသမ ၄ သန်းခန့်ဖြစ်သည်။ ၂၀၁၀ ပြည့်နှစ်တွင် ဘင်္ဂလားဒေ့ရှ်မှ ရွှေ့ပြောင်းနေထိုင်သူ ၃၉၀၇၀၂ ဦးသာရှိသည်။ ဘင်္ဂလားဒေ့ရှ် လုပ်သားများသည် ကမ္ဘာ့နိုင်ငံ ၁၆၇ နိုင်ငံတွင် အဓိကလုပ်ကိုင်နေကြသော်လည်း ရွှေ့ပြောင်းလုပ်သား ၉၀ ရာခိုင်နှုန်းခန့်သည် အရှေ့အလယ်ပိုင်းနှင့် မလေးရှားနိုင်ငံတို့တွင် လုပ်ကိုင်လျက်ရှိသည်။ လစ်ဗျား၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ကူဝိတ်၊ အိုမန်၊ မလေးရှားနှင့် စင်ကာပူသည် အဓိကဦးတည်သောနိုင်ငံတချို့ဖြစ်သည်။

လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နိုင်ငံတကာရွှေ့ပြောင်းနေထိုင်မှု အမျိုးအစားနှစ်မျိုးရှိသည်။ အများစုမှာ စက်မှုထွန်းကားသော အနောက်ဘက်တွင်ဖြစ်ပြီး အခြားတစ်ခုမှာ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှနိုင်ငံများတွင်ဖြစ်သည်။ စက်မှုထွန်းကားသော အနောက်ဘက်သို့ မိမိဆန္ဒအလျောက်ရွှေ့ပြောင်းနေထိုင်သူများတွင် အမြဲတမ်းနေထိုင်သူများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ အလုပ်လုပ်ကိုင်ခွင့်ကိုင်ဆောင်သူများနှင့် ကျွမ်းကျင်ပညာရှင်များပါဝင်သည်။ ၎င်းတို့ကို ရေရှည် သို့မဟုတ် အမြဲတမ်းရွှေ့ပြောင်းနေထိုင်သူများဟု အများအားဖြင့် ထင်မြင်ကြသည်။ အရှေ့အလယ်ပိုင်းနှင့် အရှေ့တောင်အာရှသို့ ရွှေ့ပြောင်းအခြေချမှုသည် အများအားဖြင့် ရေတိုဖြစ်ပြီး အိမ်ရှင်နိုင်ငံများတွင် အလုပ်အကိုင်စာချုပ်များ ချုပ်ဆိုပြီးနောက် စာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ရွှေ့ပြောင်းနေထိုင်သူများသည် နေရပ်သို့ပြန်လာကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ယာယီရွှေ့ပြောင်းနေထိုင်သူများကို အမျိုးအစားလေးမျိုး ခွဲခြားထားသည်။ ၎င်းမှာ ကျွမ်းကျင်ပညာရှင်(ပရော်ဖက်ရှင်နယ်ဖြစ်သူ)၊ ကျွမ်းကျင်သူ၊ အတန်အသင့်ကျွမ်းကျင်သူနှင့် ကျွမ်းကျင်မှုမရှိသူများဖြစ်သည်။ ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ သူနာပြုများနှင့် ဆရာများကို ကျွမ်းကျင်ပညာရှင်များအဖြစ် သတ်မှတ်ကြသည်။ အထည်ချုပ်လုပ်ငန်း သို့မဟုတ် ထုတ်လုပ်ရေးလုပ်သားများကို ကျွမ်းကျင်သူဟု မှတ်ယူကြသည်။ အပ်ချုပ်သမား၊ ပန်းရန်ဆရာ စသည်တို့ကို အတန်အသင့်ကျွမ်းကျင်သူ လုပ်သားများအဖြစ် သတ်မှတ်သည်။ အိမ်အကူ၊ သန့်ရှင်းရေး လုပ်သားများကို ကျွမ်းကျင်မှုနည်းသူများဟု သတ်မှတ်ထားသည်။

ဘင်္ဂလားဒေ့ရှ်၏ ရွှေ့ပြောင်းလုပ်သားများနှင့် ရွှေ့ပြောင်းနေထိုင်သူများက အမိနိုင်ငံသို့ လစဉ်၊ နှစ်စဉ်ပြန်လည်ပေးပို့သည့်ငွေသည် နိုင်ငံ၏ဂျီဒီပီကို များစွာအထောက်အကူပြုလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့သော် တရားဝင်မဟုတ်သောလမ်းကြောင်းမှတစ်ဆင့်လွှဲပို့သော အမေရိကန်ဒေါ်လာများ ပိုမိုကောင်းမွန်သော နှုန်းထားကြောင့် တရားမဝင်နယ်စပ်ဖြတ်ကျော် ငွေကြေးလွှဲပြောင်းမှုစနစ်ဖြစ်သည့် ဟန်ဒီဝိုဏ်းကို ငွေလွှဲသူများက နှစ်သက်လျက်ရှိသဖြင့် လုပ်သားများ လွှဲပြောင်းပေးသည့် ရန်ပုံငွေသည် အချိုးကျတိုးလာခြင်း မရှိခဲ့ပေ။ ငွေလွှဲမှုအားလုံး၏ ထက်ဝက်ခန့်သည် ကိုဗစ်ရောဂါ မဖြစ်မီကပင် တရားဝင်မဟုတ်သော လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့သည်။

တရားဝင်ငွေလဲနှုန်းနှင့် တရားဝင်မဟုတ်သော ငွေလဲနှုန်းများ ကျယ်ပြန့်စွာကွာဟချက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ နိုင်ငံခြားအရန်ငွေများ သိသိသာသာကျဆင်းခြင်း၏နောက်ကွယ်တွင် တစ်ခုအပါအဝင်ဖြစ်သည်။ ၎င်းသည် တရားဝင်ငွေလွှဲမှုများကို တရားဝင်လမ်းကြောင်းမှ တရားဝင်မဟုတ်သော လမ်းကြောင်းများအဖြစ် ပြောင်းလဲခြင်းကြောင့် နေရပ်ငွေပြန်ပို့ခြင်းကို အဟန့်အတားဖြစ်စေသည်ဟု ကမ္ဘာ့ဘဏ်က ဧပြီလတွင် ပြောကြားခဲ့သည်။ ယခုအခါ အစိုးရသည် အဆိုပါလွှဲပြောင်းငွေများကို နိုင်ငံအတွင်းတရားဝင်ဝင်ရောက်လာစေရေးအတွက် ဘဏ်များကို မက်လုံးပေးရေးအစီအစဉ် တိုးမြှင့်လုပ်ဆောင်လာကြောင်း တွေ့ရှိရသည်။ ယခင်က နှစ်ရာခိုင်နှုန်းအမြတ်ပေးရာမှ ယခုအခါ ၂ ဒသမ ၅ ရာခိုင်နှုန်း အမြတ်ပေးရန် လုပ်ဆောင်လာခဲ့သည်။

**လွှဲပြောင်းပေးပို့သည့်ဝင်ငွေ**

ဘာသာရေးပွဲတော်ရက်များနှင့် အလုပ်သမားများ စံချိန်တင်စီးဆင်းမှုမြင့်မားလာချိန်တွင် ငွေလွှဲမှုပိုများလာခြင်းကြောင့် မကြာသေးမီက ဘဏ္ဍာနှစ်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရွှေ့ပြောင်းလုပ်သားများက ပြန်လည်ပေးပို့သည့် ပြည်ပငွေသည် အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၆၁ ဘီလီယံရှိခဲ့ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ ၎င်းတို့သည် ၂၀၂၃ ခုနှစ် ဇွန်လတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ဘီလီယံရှိခဲ့သည်။ ၎င်းသည် နိုင်ငံတွင်းသို့ အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ဝင်ရောက်လာသည့် ၂၀၂၀ ခုနှစ် ဇူလိုင်လနောက်ပိုင်း တစ်လတာအမြင့်ဆုံးဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၆ ဘီလီယံထိရရှိရန် မျှော်မှန်းထားသည်။ ဘင်္ဂလားဒေ့ရှ်၏ ၂၀၂၂ ခုနှစ် နိုင်ငံခြားအရန်ငွေသည် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၈၂ ဘီလီယံရှိခဲ့ပြီး လက်ရှိနိုင်ငံခြားအရန်ငွေသည် အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ ရှိသဖြင့် ကျဆင်းလာခဲ့သည်။

ခြုံ၍ဆိုရလျှင် အာရှဒေသမှ ဖွံ့ဖြိုးဆဲနိုင်ငံအများစုသည် ပြည်တွင်းအလုပ်အကိုင်ရှားပါးမှုကြောင့် ပြည်ပနိုင်ငံများတွင် ရွှေ့ပြောင်းလုပ်သားများအဖြစ် သွားရောက်လုပ်ကိုင်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော နိုင်ငံအကျယ်အဝန်းသေးငယ်ပြီး လူဦးရေများပြားသည့်နိုင်ငံသည် နိုင်ငံ၏အဆမတန်တိုးပွားလာသည့် လူဦးရေကို အလုပ်အကိုင်လုံလောက်စွာ ဖန်တီးပေးနိုင်ခြင်းမရှိသောကြောင့် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မှုကို ပြည်ပအလုပ်အကိုင်ရှာဖွေရေးအစီအစဉ်ဖြင့် လုပ်ဆောင်လျက်ရှိသည်။ တစ်ဖက်တွင်လည်း ၎င်းရွှေ့ပြောင်းလုပ်သားများကို အုပ်စုအလိုက်ခွဲ၍ လစာနှင့်အကျိုးခံစားခွင့်ရရှိစေရန် ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ပြန်လည်ပေးပို့သည့်ငွေများကိုလည်း တရားမဝင်လမ်းကြောင်းမှ ပေးပို့ခြင်းမရှိစေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်၏ ရွှေ့ပြောင်းလုပ်သားများသည် ပြည်ပတွင် အလုပ်လုပ်ကိုင်ခြင်းဖြင့် ပြည်ပဝင်ငွေရရှိခြင်း၊ ပြည်တွင်းအလုပ်လက်မဲ့ အကျပ်အတည်းကို လျှော့ပါးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးခြင်းကို အထောက်အကူပြုစေကြောင်း တင်ပြလိုက်ရပါသည်။

❖ ငွေလွှဲခြင်းသည် ငွေပေးချေမှုလက်ကျန်ကို ထိန်းသိမ်းရန်နှင့် နိုင်ငံခြားအရန်ငွေကို ကြွယ်ဝစေရန်အတွက် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ၎င်းသည် နိုင်ငံ၏ စုစုပေါင်းပြည်တွင်းထုတ်ကုန် (ဂျီဒီပီ)အတွက် ကြီးမားသောပံ့ပိုးကူညီမှု တစ်ခုလည်းဖြစ်သည်။ အထူးသဖြင့် စာမတတ်သူများနှင့် ကျွမ်းကျင်မှုမရှိသော လုပ်သားများ၏ မိသားစုအဆင့်အတွက် ဖွံ့ဖြိုးတိုးတက်ရေး အစားထိုးနည်းလမ်းအဖြစ် ရွှေ့ပြောင်းအခြေချမှုကို တဖြည်းဖြည်းထည့်သွင်းစဉ်းစားလာသည်။ ❖

**ကိုးကား**


- Migrations from Bangladesh
- www.thedailystar.net

# ကံကောင်း ရုပ်ရှင်ဇာတ်ကားကြီး Red Carpet Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာ့ရုပ်ရှင်သမိုင်းတွင် ပထမဆုံး ခွေးလိမ္မာလေးအကြောင်း ရိုက်ကူးထားသည့် ကံကောင်း ရုပ်ရှင်ဇာတ်ကားကြီး၏ Red Carpet Show ကို နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ကျင်းပခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားကို တာဝန်ယူရိုက်ကူးထားသူ ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြ၍ သိရသည်။

ကံကောင်း ရုပ်ရှင်ဇာတ်ကားကြီး Red Carpet Show အခမ်းအနားတွင် အဆိုတော်နီနီခင်ဇော်က သံသရာခရီးသွား ဇာတ်ဝင်တေးဖြင့် သီဆိုဖျော်ဖြေခဲ့ပြီး အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြသည့် အနုပညာရှင်များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"ကျွန်တော် အခြားနိုင်ငံက ရုပ်ရှင်တွေတော့ ကြည့်ဖူးတယ်။ ချာလီဆိုတဲ့ ရုပ်ရှင်ဇာတ်ကားလိုမျိုးတွေ ဘောလိဝုဒ်၊ ဟောလိဝုဒ်မှာတော့ ရိုက်တာမြင်ဖူးတယ်။ မြန်မာနိုင်ငံမှာတော့ ခွေးကို အဓိကကာရိုက်တာနေရာထားပြီးရိုက်တာ ကံကောင်းက ပထမဆုံးဖြစ်မယ်။ ဦးပဥ္စင်းတစ်ပါးနဲ့ ခွေးလေးရဲ့ သံယောဇဉ် အကြောင်းဆိုတော့ ထူးခြားမဲ့ဇာတ်ကားပါ။ ဒီကားကို နိုင်ငံတကာ ရုပ်ရှင်ပလက်ဖောင်းတွေ၊ ရုပ်ရှင်ပြိုင်ပွဲတွေမှာ ပါဝင်ပြိုင်ဖို့ စိတ်ကူးထားတယ်"ဟု ဒါရိုက်တာ ဝင်းလွင်ထက်က ပြောပြသည်။

ကံကောင်း ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ဝင်းလွင်ထက်က ရေးသားထားခြင်းဖြစ်ပြီး ဇာတ်ညွှန်းကို မိုးနီလွင်က ရေးသားထားခြင်းဖြစ်ကာ ပိုင်တံခွန်၊ ခွေးလိမ္မာလေး ကံကောင်း၊ သူထူးစံ၊ ခင်ဇာခြည်ကျော်၊ နေထွဋ် စသည့် အနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# ရုပ်ရှင်တည်းဖြတ် အကယ်ဒမီ ဂျီသရီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိနေအိမ်တွင် ကွယ်လွန်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရုပ်ရှင်တည်းဖြတ် အကယ်ဒမီ ဂျီသရီး ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ နေအိမ်တွင် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီခန့်က ကွယ်လွန်သွားကြောင်း ဖခင်ဖြစ်သူ ဒါရိုက်တာ မောင်တင်ငြိမ်း(ရွှမဝ)က ပြောပြ၍ သိရသည်။

ကွယ်လွန်ချိန်တွင် အသက် ၃၇ နှစ်သာရှိသေးသည့် အကယ်ဒမီ ဂျီသရီးသည် ရုပ်ရှင်တည်းဖြတ်ထူးချွန်ဆုကို ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ပြည့်နှစ်နှင့် ၂၀၂၂ ခုနှစ်တို့အတွက် သုံးနှစ်စာ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲတွင် ၂၀၁၉ ခုနှစ်အတွက် အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ကျော်ခိုင်စိုးနှင့်အတူ ၁၀၁၄ ရုပ်ရှင်ဇာတ်ကားကြီးဖြင့် ဆုရရှိထားသူဖြစ်ပြီး လက်ရှိတွင် ဖခင်ဖြစ်သူ ဒါရိုက်တာ မောင်တင်ငြိမ်း (ရွှမဝ)နှင့်အတူ ယောက်ျားကောင်း အတောင် နှစ်ဆယ် ရုပ်ရှင်ဇာတ်ကားကို တွဲဖက်ဒါရိုက်တာ တစ်ဦးအနေဖြင့် တာဝန်ယူ ရိုက်ကူးထားသူလည်းဖြစ်ကြောင်း သိရသည်။





"ပထမ အသည်းရောင်လို့ ဆေးရုံပို့လိုက်တော့ အရက်မသောက်ရတော့ဘူး။ အသည်းကလဲ သိပ်မကောင်းတော့ဘူး။ အသည်းအစားထိုး ကုသရင်တော့ တတ်နိုင်ရင်ကုသဖို့ ဆေးရုံကပြောတယ်။ အသည်းတစ်ခြမ်း မကောင်းတော့ဘူးဆိုလို့ လွန်ခဲ့တဲ့နှစ်ပတ်လောက်ကမှ ဆေးရုံတက်ခဲ့တယ်။ ဆေးရုံက ပြန်ဆင်းလာတာ အိမ်မှာ တစ်ပတ်လောက်ရှိတော့မယ်။ မနေ့ညကမှ ဝမ်းတွေသွားတယ်။ သတိလစ်သွားတယ်။ နောက် သွေးတွေအန်ပြီး နေမကောင်းလို့ အပြင်ဆေးရုံပြတော့ လက်မခံလို့ ဆေးရုံကြီးပြန်တက်ရတယ်။ မြောက်ဥက္ကလာပဆေးရုံမှာ သွေးသွင်းပြီး အိမ်ပြန်ခေါ်ခဲ့တယ်။ ဒီနေ့မနက် ၁၁ နာရီလောက်က နေအိမ်မှာ ကွယ်လွန်ခဲ့တာပါ"ဟု မောင်တင်ငြိမ်း(ရွှမဝ)က ပြောပြသည်။ASH

# ဖုန်းရွှေ ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲပေးခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ညကျောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ဖုန်းရွှေ ရုပ်ရှင်ဇာတ်ကားကြီး ကန်တော့ပွဲပေးခြင်း အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်ရင်ပြင်၌ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း အဆိုပါဇာတ်ကားကို ထုတ်လုပ်သူနှင့် ဒါရိုက်တာဖြစ်သူ ဒါရိုက်တာ ညိုမင်းလွင်က ပြောပြ၍ သိရသည်။

ညကျောင်း ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မည့် ဖုန်းရွှေ ရုပ်ရှင်ဇာတ်ကားကြီး၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဒါရိုက်တာ ညိုမင်းလွင်က တာဝန်ယူရိုက်ကူးထုတ်လုပ်သွားမည်ဖြစ်ကာ သရုပ်ဆောင် ထက်ယံပိုင်၊ စိုးစံအောင်၊ အေမီဈာန်၊ ဟန်နှာ၊ V V Cheng၊ မေလန်း၊ ဇင်ဇင်ဝင်းရဲ၊ Kitty Lay၊ ဒေါ်ချို စသည့်အနုပညာရှင်များ ပါဝင် သရုပ်ဆောင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဖုန်းရွှေနဲ့ပတ်သက်ပြီး ရိုက်တာဖြစ်တဲ့အတွက် ဖုန်းရွှေနဲ့ ပတ်သက်တဲ့ အယူအဆလေးတွေ ပြင်ဆင်ထားပါတယ်။ ကျွန်တော့်အနေနဲ့ နံပါတ် (၁) ငါပရိသတ်ဆိုရင်ကော ဒီဇာတ်ကားကိုကြည့်မှာလား မေးပြီးမှ ရိုက်ကူးဖြစ်တယ်။ ကိုယ်တိုင်က မကြည့်ချင်ဘူးဆိုရင်ကော ရိုက်မှာလား မေးခွန်းထုတ်ပြီးမှ ရိုက်ဖြစ်တယ်။ မြန်မာရုပ်ရှင်ကားတွေထဲက မြင်တွေ့နေကျမဟုတ်တဲ့နေရာတွေ Location တွေပါမယ်။ အချို့အိမ်တွေ ရိုက်ရမဲ့အခန်းတွေရှိပေမဲ့ Setting ပိုင်း သေချာပြင်ဆင်ပြီး ရိုက်ကူးသွားမှာပါ"ဟု အဆိုပါဇာတ်ကားကို ထုတ်လုပ်သူနှင့် ဒါရိုက်တာဖြစ်သူ ဒါရိုက်တာ ညိုမင်းလွင်က ပြောပြ၍ သိရသည်။

ASH

# Superman: Legacy ဇာတ်ကား၌ မင်းသား စကီလာဂီဆွန်ဒို ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် နိုဝင်ဘာ ၂၄**


ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီ၏ Superman: Legacy ဇာတ်ကား၌ The Righteous Gemstones မင်းသား စကီလာဂီဆွန်ဒို ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

စကီလာဂီဆွန်ဒိုသည် Superman: Legacy ဇာတ်ကား၌ Superman၏ အရင်းနှီးဆုံးသူငယ်ချင်း ဒေးလီးပလန်းနက် သတင်းစာသတင်းထောက် ဂျင်မီဟော်ဆန်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ ပေါ်တူဂီ ရုပ်ရှင်မင်းသမီး ဆာရာဆမ်ပါအိုသည်လည်း Superman: Legacy ဇာတ်ကား၌ Eve Teschmacher ဇာတ်ကောင်နေရာတွင် ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

စကီလာဂီဆွန်ဒိုနှင့် ဆာရာဆမ်ပါအိုတို့သည် Superman: Legacy ဇာတ်ကားတွင် မင်းသား ဒေးဗစ်ကိုရန်စဝပ်၊ မင်းသမီး ရာချယ်ဘရော့စနာဟန်တို့နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Superman: Legacy ဇာတ်ကားကို ဒါရိုက်တာ ဂျိမ်းဂန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး Superman: Legacy ကို ၂၀၂၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref: Russia Today**
**Trs: KKO**



# The Ballad of Songbirds & Snakes ကမ္ဘာတစ်ဝန်းဝင်ငွေကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိ

**နယူးယောက် နိုဝင်ဘာ ၂၄**


Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ The Ballad of Songbirds & Snakes ဇာတ်ကားသည် စတင်ရုံတင်ပြီး လေးရက်အကြာတွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ရရှိထားကြောင်း နိုဝင်ဘာ ၂၃ ရက် သတင်းများအရ သိရသည်။

The Ballad of Songbirds & Snakes ဇာတ်ကားသည် Hunger Games ဇာတ်ကားများ၏ ဇာတ်အိမ်ကာလမတိုင်မီ အဖြစ်အပျက်များကို ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။

နိုဝင်ဘာ ၁၇ ရက်က စတင်ရုံတင်ခဲ့သည့် The Ballad of Songbirds & Snakes ဇာတ်ကားသည် နိုဝင်ဘာ ၂၀ ရက်ထိ ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ နှင့် နိုင်ငံတကာဝင်ငွေ အမေရိကန်ဒေါ်လာ ၅၆ သန်းထိရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဖရန့်စ်လောရင့်က ရိုက်ကူးပေးထားပြီး မင်းသမီး ရာချယ်ဇီဂလာနှင့် မင်းသား တွမ်ဘလိုက်တို့ ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။

**Ref: Xinhua News**
**Trs: KKO**



# State Administration Council of the Republic of the Union of Myanmar holds 2023 Kathina robe-offering ceremony


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Kathina robes and alms to a Sayadaw.


Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meal to Sayadaws.

**Nay Pyi Taw November 24**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla attended the 2023 Kathina robe-offering ceremony of the State Administration Council of the Republic of the Union of Myanmar at Sasana Maha Beikman in the precinct of Uppatasanti Pagoda in Nay Pyi Taw this morning and offered Kathina robes and alms to members of the Sangha.

Present at the ceremony were 27 members of the Sangha led by Secretary of the State Sangha Maha Nayaka Committee Presiding Patron of Thanlyin Minkyaung Pahtamabyan Buddhist Learning Centre Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, Vice Chairman of the SSMNC Presiding Patron of Thiho Pariyatti Buddhist Learning Centre of Kyaukme Agga Maha Pandita Dr Bhaddanta Candanasara, Ovadacairya Sayadaws of the Uppatasanti Pagoda Board of Trustees. The Senior General and wife were accompanied by the Council Secretary, the Joint Secretary and wife, Council members and their wives, Union level officials, Union ministers, the chairman of Nay Pyi Taw Council, senior military officers and their wives, the commander of Nay Pyi Taw Command and officials.

First, the Senior General paid homage to the Buddha image in the Sasana Maha Beikman and offered the alms in the emerald almsbowl, flowers, water, oil lights and fruits.

The Senior General and congregation viewed round the display of Kathina robes, alms and Padethabins to be donated to Maha Wizitayon Monastery in Zabuthiri Township.

The ceremony was opened with three-time recitation of Namo Tassa. The Senior General and congregation took the Five Precepts from Thanlyin Minkyaung Sayadaw and listened to recitation of Metta Sutta by members of the Sangha.

The Senior General and wife donated Kathina robes and offertories to Thanlyin Minkyaung Sayadaw, Kyaukme Sayadaw and Abbot of Maha Wizitayon Monastery Sayadaw Bhaddanta Ñanuttara of Zabuthiri Township respectively.

The SAC Secretary, the Joint Secretary and wife, Council members and their wives, Union-level persons, Union ministers and senior military officers offered Kathina robes and alms to members of the Sangha.

The Sayadaw of Ngwetaung Tawya Monastery in Tatkon and the Sayadaw of Ohntaw Monastery in Pyinmana staged the Question and Answer session about Kathina robe offering ceremony.

The Senior General and congregation listened to a sermon delivered by Thanlyin Minkyaung Sayadaw and shared merits gained.

The ceremony concluded with three-time recitation of Buddha Sasanam Ciram Titthatu. After the ceremony, the Senior General, wife and congregation offered day meals to members of the Sangha led by Thanlyin Minkyaung Sayadaw.

At today's ceremony, they donated 50 Padethabins and K90,158,500, which totally amounted to K136,714,600.

100


Senior General Min Aung Hlaing views display of Kathina robes and alms.

# Dried large head hairtail fish receives good price in 2023-2024 fishing season of delta region

**Bogale November 24**

The price of dried large head hairtail fish is high in 2023-2024 fishing season of the coastal areas of delta region, said U Kyaw Win, the owner of fishing business from Kadonkani Village in the coastal area of Bogale Township.

The large head hairtail fish is are a type of saltwater fish that are caught throughout the year by delta fishing industries.

The fish were previously only made into paste and now it is sold as dried fish.

The dried large head hairtail fish are not high-quality dried fish, but the price is lower than other dried fish, and the taste is the same with other dried fish. The market has expanded due to the rising consumption of the grassroots and middle class.

Dried large head hairtail fish from fishing industries in the coastal areas of Bogale, Pyapon and Ama townships have already arrived in the market.

336


Dried large hair tail fish.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing watches final match of 60th Commander-in-Chief of Defence Services' Trophy Tatmadaw (Army, Navy, and Air) Football Tournament, presents prizes

## Camp Commandant's Office of the Office of Commander-in-Chief (Army) team earn a well-deserved victory


The final match of the 60th Commander-in-Chief of Defence Services' Trophy Tatmadaw (Army, Navy, and Air) Football Tournament in progress.


Senior General Min Aung Hlaing presents cash reward to the winning team.

**Nay Pyi Taw November 24**

Eastern Command team and Camp Commandant's Office of the Office of Commander-in-Chief (Army) team met at the final match of 60th Commander-in-Chief of Defence Services' Trophy Tatmadaw (Army, Navy, and Air) Football Tournament held at Zeyathiri Tatmadaw Sports Stadium in Nay Pyi Taw this evening.


A player receives cash reward.


Players receive medals and cash reward.

Before the start of the match, vocalists of the Myawady music troupe of the Directorate of Public Relations and Psychological Warfare entertained the fans of the two teams and sports enthusiasts with songs and music.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, Chief of General Staff (Army, Navy and Air) General Maung Maung Aye and wife, the Commander-in-Chief (Navy) and wife, the Commander-in-Chief (Air) and wife, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, senior officer trainees of National Defence College, officers, other ranks and families of the relevant departments of Office of Commander-in-Chief and Nay Pyi Taw Command HQ, trainees of Tatmadaw Football Academy, invited guests and sports enthusiasts watched the match.

The two finalists played with all-out efforts to score the opener as their efficiency was at the same level. The Eastern Command team got its first goal at the 4th minute. But Camp Commandant's Office of the Office of Commander-in-Chief (Army) team could control the ball well, dominated the match and scored the equalizer.

Both sides got chances to score goals. The Eastern Command teams scored its second goal in 39th minute and the third goal in 46th minute with precise shots. Hence, it led the match with a 3-1 result at the end of first half.

In the second half, Camp Commandant's Office of the Office of Commander-in-Chief (Army) team got two goals -- one in 66 minutes and another in 90+3 minutes. Hence, the second half ended in a three all draw.

The two teams exerted all-out efforts and played with full sporting spirit. As the extra time ended with the same result a penalty shootout followed. After the penalty shootout the Camp Commandant's Office of the Office of Commander-in-Chief (Army) team earned a well-deserved win with a 6-5 result.

Then, the ceremony to give prizes away was held. Commander of Nay Pyi Taw Command Maj-Gen Saw Than Hlaing presented a trophy and cash prize to Yangon Command team who won the fair-play award in B Class event of Tatmadaw (Army, Navy and Air) Football Tournament, Military Appoint-General Lt-Gen Lin Aung cash prizes and medals to Western Command team who won the third place in B Class event of the tournament and Yangon Command team who won the third place in A Class event, Adjutant General Lt-Gen Soe Min Oo cash prizes and medals to South-West Command team who won the second place in B Class event and Eastern Command team who won the second place in A Class event.

Afterwards, Lt-Gen Tayza Kyaw of the Office of Commander-in-Chief (Army) presented cash prizes and medals to the players who won the best player award in each position in the B Class event. Lt-Gen Thet Pon of Office of the Commander-in-Chief of Defence Services cash prizes and medals to the players who won the best player award in each position in A Class event, Commander-in-Chief (Air) General Tun Aung individual medals to players of Southern Command team who won the first place in B Class event and Commander-in-Chief (Navy) Admiral Moe Aung individual medals to players of the team of Camp Commandant Office of the Office of Commander-in-Chief (Army) who won the first place in A Class event of the tournament.

Then, Chief of General Staff (Army, Navy and Air) General Maung Maung Aye presented the championship trophy of the Commander-in-Chief of Defence Services, replicated trophy and cash prizes to the Southern Command team who won the first place in B Class event of the tournament.

Afterwards, Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing presented the championship trophy, replicated trophy and cash prizes to the team of Camp Commandant Office of the Office of Commander-in-Chief (Army) who won the first place in A Class event of the tournament.

The 60th Tatmadaw (Army, Navy and Air) Football Tournament was held in two-class events – A Class event and B Class event. 16 teams competed in the A Class event and eight teams in the B Class event. The first round of group stage matches took place in zones based on military commands. The knock-out stage and final matches were held at Zeyarthiri Tatmadaw Stadium in Nay Pyi Taw starting November 6. Today, the final match and the prize presentation ceremony were successfully held. 100

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## ရုရှားက အလိုအလျောက်လမ်းညွှန်စနစ်သုံး Izdeliye-53 Kamikaze ဒရုန်းကို မိတ်ဆက်ပြသ



ရုရှားတပ်ဖွဲ့များသည် စစ်ဘက်ဒရုန်းနည်းပညာတွင် ထင်ရှားသောတိုးတက်မှုအနေဖြင့် အလိုအလျောက်လမ်းညွှန်စနစ်သုံး Izdeliye-53 ဟုလူသိများသော "Lancet" Kamikaze ဒရုန်းကိုမိတ်ဆက်ပြသခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက နိုဝင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါ အဆင့်မြင့်ဒရုန်းများကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၀ ရက်က စတင်အသုံးပြုခဲ့ကြောင်း ရုရှားသတင်းရင်းမြစ်များ၏ အဆိုအရ သိရသည်။

ရုရှားနိုင်ငံထုတ် Izdeliye-53 ဒရုန်းကို မိတ်ဆက်ခြင်းသည် မောင်းသူမဲ့လေကြောင်းစစ်ဆင်ရေးတွင် သိသိသာသာတိုးတက်ဖွံ့ဖြိုးလာမှုကို ကိုယ်စားပြုသည်။ ဤဒရုန်းတွင် ပစ်မှတ်များကို အလိုအလျောက်ရွေးချယ်ပြီး တိုက်ပွဲဝင်နိုင်စေမည့် ခေတ်မီဆန်းသစ်သော လမ်းညွှန်ထိန်းကျောင်းရေးစနစ်တစ်ခု အသုံးပြုထားကာ ယခင် အမျိုးအစားများနှင့်မတူဘဲ သိသာထင်ရှားသော ဝိသေသလက္ခဏာတစ်ခုဖြစ်သည်။ ဒရုန်းများ၏စွမ်းဆောင်ရည်အပြည့်အစုံကို လူသိရှင်ကြား မသိရှိရသေးသော်လည်း ပစ်မှတ်များကို အလိုအလျောက်စိစစ်ခွဲခြား၊ ဖော်ထုတ်၊ တိုက်ပွဲဝင်နိုင်မှုသည် နည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှုတွင် အဆင့်မြင့်မားမှုကို သက်သေပြလျက်ရှိသည်။

ရုရှားနိုင်ငံထုတ် Izdeliye-53 ဒရုန်းကို ဩဂုတ်လတွင် မော်စကိုမြို့အနီးရှိ Army-2023 ကာကွယ်ရေးပြပွဲတွင် ထုတ်ဖော်ပြသခဲ့သည်။ ထုတ်လုပ်သည့်ကုမ္ပဏီ၏ ပရိုမိုးရှင်းဗီဒီယိုတစ်ခုတွင် ဒရုန်း၏ထူးခြားသော ဖွဲ့စည်းတည်ဆောက်မှုဒီဇိုင်းကို မီးမောင်းထိုးပြထားပြီး ရှေ့တွင် ၄၅ ဒီဂရီထောင့်ချိုး၍ ကြီးမားသောတောင်ပံလေးခုပါရှိသည့်အတွက် သမားရိုးကျဒရုန်းပုံစံဖွဲ့စည်းမှုနှင့် ကွဲပြားခြားနားနေကြောင်း သိရသည်။

အဆိုပါဒရုန်းသည် လွှတ်တင်သည့်အချိန်တွင်သာ ရှေ့တောင်ပံများထွက်ပေါ်လာပြီး ဒရုန်းနောက်ပိုင်းတည်ငြိမ်မှုရှိရန် အသုံးပြုလေ့ရှိသည့် Stabilizer Winglet တောင်ပံများ မပါရှိပေ။ နောက်ဘက်သို့ လှည့်ထားသောပန်ကာဖြင့် ပျံသန်းမောင်းနှင်နိုင်သော Izdeliye-53 ဒရုန်းတွင် ပတ်ဝန်းကျင်အခြေအနေ မြေပုံနှင့်တကွ ပစ်မှတ်အချက်အလက်များရယူရာတွင် အရေးပါသော အခန်းကဏ္ဍဖြစ်သည့် ကင်မရာကို ဒရုန်း၏ဝမ်းဗိုက်အောက်ဘက်တွင် တပ်ဆင်ထားကြောင်း သိရသည်။

အလေးချိန် ၅ ကီလိုဂရမ်ထိ Payload တင်ဆောင်နိုင်စွမ်းရှိသော Izdeliye-53 ဒရုန်းသည် မြေပြင်ပစ်မှတ်အမျိုးမျိုးကို ရှာဖွေသတ်မှတ်နိုင်ပြီး ၎င်းဒရုန်းများသည် ဒရုန်းအုပ်တစ်ခုအတွင်း ဒရုန်းများအချင်းချင်း ဆက်သွယ်ပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပစ်မှတ်များသည် ရန်သူ့လေကြောင်းရန် ကာကွယ်ရေးစနစ်များ၊ ဒုံးကျည်၊ အမြောက်လက်နက်စနစ်များမှ တင့်၊ သံချပ်ကာတပ်ဖွဲ့များထိ ပါဝင်သည်။ လက်ရှိမျိုးဆက် Lancet ဒရုန်းများထံမှ သိသာထင်ရှားသောတိုးတက်ဖွံ့ဖြိုးမှု တစ်ရပ်ကို ကိုယ်စားပြုနေကြောင်း သိရသည်။

တိုက်ပွဲဝင် တပ်ဖြန့်အသုံးပြုမှုတွင် Izdeliye-53 ဒရုန်းများသည် ယခင်ဗားရှင်းများနှင့် သိသိသာသာကွဲပြားသည်။ ဒရုန်းများပစ်လွှတ်ရန် အထူးပြုလုပ်ထားသော Pneumatic Rails ဒရုန်းလျှောလမ်းများမှတစ်ဆင့် လွှတ်တင်မည့်အစား မော်တာစနစ်ကဲ့သို့ ကျစ်လျစ်သော မြေပြင်အခြေပြု ဒရုန်းထည့်ပြွန်များမှ ပစ်လွှတ်နိုင်ခြင်းဖြစ်သည်။ ဒရုန်းများကို ဒရုန်းပစ်ပြွန်များဖြင့်ဖြစ်စေ သို့မဟုတ် အပေါ့စားယာဉ်များကို အသုံးပြု၍ ဒရုန်းလေးစင်းပါတပ်ခွဲတစ်ခွဲဖွဲ့စည်းပုံဖြင့်ဖြစ်စေ သယ်ယူပို့ဆောင်ရေးနှင့် တိုက်ပွဲဝင်တပ်ဖြန့်ရာတွင် အဆင်ပြေစွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။

ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးဒရုန်းထည့်ပြွန်များသည် သိုလှောင်ထိန်းသိမ်းမှုနှင့် ခရီးသွားအနေအထားအတွက်သာမက ဒရုန်းများအတွက် လွှတ်တင်သည့် ဒရုန်းပစ်လွှတ်စင်များအဖြစ်လည်း အသုံးပြုနိုင်မည်ဖြစ်ရာ စစ်မြေပြင်သီးသန့် တပ်ဖြန့်နေရာချထားမှုမျိုး လိုအပ်တော့မည်မဟုတ်ပေ။

ယခုအချိန်တွင် "Izdeliye-53" ဒရုန်းများကို ကျယ်ကျယ်ပြန့်ပြန့်တပ်ဖြန့်ချထားနိုင်ခြင်းမျိုး မတွေ့ရှိရသေးပေ။ အထူးသဖြင့် အစုလိုက်အပြုံလိုက် အုပ်ဖွဲ့တိုက်ခိုက်မှုများတွင် ၎င်းတို့၏ ထိရောက်မှုကို အကဲဖြတ်ဆန်းစစ်ရန်အတွက် လက်ရှိအသုံးပြုမှုသည် စမ်းသပ်ရေးရည်ရွယ်ချက်အတွက်သာဖြစ်ကြောင်း ရုရှားနိုင်ငံပိုင်သတင်းဌာနများက ရေးသားဖော်ပြခဲ့ကြသည်။ ဤနည်းဗျူဟာသည် များပြားလှသော အရေအတွက်နှင့် ပေါင်းစပ်တိုက်ခိုက်မှုများမှတစ်ဆင့် ရန်သူ့လေကြောင်းရန်ကာကွယ်ရေးစနစ်များအပေါ် လွှမ်းခြုံတိုက်ခိုက်နိုင်စွမ်းရှိသည်။

**Russia Introduces Izdeliye-53 Z-53 Kamikaze Drone with Automatic Guidance System ကို ဘာသာပြန်ဆိုထားပါသည်။**

## ဂျပန်နိုင်ငံက Tomahawk တာဝေးပစ်ဒုံးကျည် အစင်း ၄၀၀ ဝယ်ယူရန်တောင်းဆိုမှုကို အမေရိကန်ခွင့်ပြု

ဂျပန်နိုင်ငံသည် Tomahawk တာဝေးပစ်ဒုံးကျည်အစင်း ၄၀၀ ဝယ်ယူရန် တောင်းဆိုမှုကို အမေရိကန်နိုင်ငံက နိုဝင်ဘာ ၁၇ ရက်တွင် ခွင့်ပြုပေးလိုက်ပြီဖြစ်ကြောင်း The Defense Post သတင်းဌာနက နိုဝင်ဘာ ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အကွာအဝေး ကီလိုမီတာ ၁၆၀၀ (၉၉၅ မိုင်)ထိ တိုက်ခိုက်နိုင်သည့် Tomahawk ဒုံးကျည် အမျိုးအစားနှစ်မျိုးပါဝင်သော အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅ ဘီလီယံတန် ရောင်းချမှုကိုသဘောတူခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အဆိုပါရောင်းချမှုသည် အင်ဒို-ပစိဖိတ်ဒေသအတွင်း နိုင်ငံရေးတည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုအတွက် တွန်းအားဖြစ်စေကာ အဓိကကျသော မဟာမိတ်နိုင်ငံတစ်နိုင်ငံ၏ လုံခြုံရေးကို အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားသည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကြီးထွားလာနေသော ခြိမ်းခြောက်မှုများကို တန်ပြန်နိုင်စွမ်းရှိမည့် တာဝေးပစ် သမားရိုးကျ ရေပြင်မှ ရေပြင်၊ ရေပြင်မှမြေပြင်ပစ် ဒုံးကျည်များကိုရောင်းချပေးခြင်းသည် လက်ရှိနှင့်အနာဂတ် ခြိမ်းခြောက်မှုများကိုရင်ဆိုင်ရန် ဂျပန်နိုင်ငံ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယိုကီရှီဒါက အစိုးရအဖွဲ့အနေဖြင့် အဓိကကာကွယ်ရေးတွန်းအားပေးမှု တစ်စိတ်တစ်ပိုင်းအဖြစ် Tomahawk ဒုံးကျည် အစင်း ၄၀၀ ကို ဝယ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း ပါလီမန်ရှိ ကာကွယ်ရေးဆိုင်ရာကော်မတီကို ဖေဖော်ဝါရီလက ပြောကြားခဲ့သည်။




ဂျပန်နိုင်ငံသည် တရုတ်(တိုင်ပေ) အနီးတစ်ဝိုက် စစ်ရေးလေ့ကျင့်မှုအပြင် မြောက်ကိုရီးယား၏ ချူကလီးယားစွမ်းဆောင်ရည်ပါရှိသော ဒုံးကျည်စမ်းသပ်မှုများအပါအဝင် တရုတ်နိုင်ငံ၏စစ်ရေးအင်အားကြီးထွားလာမှုကြောင့် စိုးရိမ်ပူပန်လျက်ရှိသည်။ တရုတ်နှင့်တင်းမာမှုများ ဖြေလျှော့ရန် ရည်ရွယ်သည့် ဂျပန်နိုင်ငံသည် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေသော်လည်း အမေရိကန်ထံမှ ဒုံးကျည်ဝယ်ယူရေး သဘောတူညီချက်ကို ဆက်လက် အကောင်အထည်ဖော်နိုင်ခဲ့သည်။ မကြာသေးမီရက်ပိုင်းက တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဆန်ဖရန်စစ္စကိုတွင် ကျင်းပသည့် အာရှ-ပစိဖိတ် ထိပ်သီးအစည်းအဝေးပြင်ပတွင် ဂျပန်နိုင်ငံဝန်ကြီးချုပ် ဖူမီယိုကီရှီဒါနှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့ သီးခြားစီတွေ့ဆုံခဲ့သေးကြောင်း သိရသည်။

**US Approves Major Long-Range Missile Deal for Japan ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းနေ



**မအူပင် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်၌ ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့ ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အောက်တိုဘာလတစ်လလုံးတွင် ထောပတ်ပဲနီ (အပြားကြီး) ၂၄ ပြည်ဝင်အိတ်ရေ ၅၄၀၀ ထိသာ ရောင်းချခဲ့ရကာ လက်ရှိ နိုဝင်ဘာလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ထောပတ်ပဲနီ (အပြားကြီး) ၂၄ ပြည်ဝင်အိတ်ရေ ၇၆၀၀ ထိ အရောင်းအဝယ်ကောင်းနေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ (အပြားကြီး) များ အရောင်းအဝယ် ကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်တွင် ထောပတ်ပဲနီများ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ (အပြားကြီး) ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်မှာ ထောပတ်ပဲနီ(အပြားကြီး)တွေအဝယ်လိုက်နေပြီး ပြည်ပပဲဈေးကွက်ကိုလဲ ပြန်တင်ပို့နေလို့ အခုလိုဝယ်လိုအား ကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေ သိရတယ်။ လက်ရှိ နိုဝင်ဘာလ ပထမပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ အခုရက်ပိုင်းအတွင်း ထောပတ်ပဲနီ(အပြားကြီး)ကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့ အခြေအနေမှာရှိနေပါတယ်"ဟု မအူပင်မြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၆၁ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၃၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧက ၁၇၁၇၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၃၃၆၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာဧက ၁၇၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ အခုဧက ၁၃၀၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ နေကြာကို ဆောင်းမှာ အဓိကစိုက်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကိုတိုးချဲ့စိုက်ပျိုးသွားမှာပါ။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြင်းမူမြို့နယ်တွင် ၂၀၂၂ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ဧက ၁၇၁၇၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြင်းမူမြို့နယ်တွင် နေကြာ ၂၀၁၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင်၍ စက်တင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ဧက ၂၀၃၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



ယခင်နှစ်က နေကြာစိုက်ခင်းကို တွေ့ရစဉ်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အချိန်မှီ့တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အချိန်မှီ့ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသော ဈေးနှုန်းရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# တာချီလိတ်မြို့နယ် ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တာချီလိတ် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ပါပူးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တာချီလိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးသန်းနှင့် တာဝန်ရှိသူများက ပါပူးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းဆိုင်ရာ လစဉ်ဖြည့်သွင်းရေးဆွဲရမည့်စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းထားခြင်းရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးကြပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များ၊ အသင်းသားများက လုပ်ငန်းဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသခဲ့သည်။

တာချီလိတ်မြို့နယ် ပါပူးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူစုစုပေါင်းဦးရေ ၄၀ ကို ငွေကျပ် ၃၈ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကျော်စောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၄-၁၁-၂၀၂၃**

**ဆန်**

| | | |
|---|---|---|
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ဧည့်ဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |

**စားဆီ**

| | | |
|---|---|---|
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၄၅၀၀ |

**စက်သုံးဆီ**

| | | |
|---|---|---|
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၀၇၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၂၆၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၀၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

**ဘိလပ်မြေ**

| | | |
|---|---|---|
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |

**သံချောင်း**

| | | |
|---|---|---|
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |

**အိမ်မိုးသွပ်**

| | | |
|---|---|---|
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

☆ **ကျောဖုံးမှအဆက်**

ပြိုင်ပွဲမစတင်မီ ဗိုလ်လုပွဲသို့လာရောက်ကြည့်ရှုအားပေးကြသည့် နှစ်ဖက်အသင်းပရိသတ်များနှင့် အားကစားဝါသနာရှင်ပရိသတ်များကို ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံရှင်များက တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံးအကယ်ဒမီမှ သင်တန်းသားများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် အားကစားဝါသနာရှင်ပရိသတ်များ တစ်ခဲနက်တက်ရောက်ကြည့်ရှုအားပေးကြသည်။

အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင် (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင် (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။

စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းမှ အားကစားသမားများအား ငွေသားဆုနှင့် တစ်ဦးချင်း ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်စဉ်။



(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကိုယှဉ်ပြိုင်ကစားကြရာတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဘောလုံးအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံးကိုယ်စားပြု ဘောလုံးအသင်းတို့သည် ပွဲစတင်ကစားချိန်မှစ၍ ဗိုလ်လုပွဲသို့ အကြိတ်အနယ်ယှဉ်ပြိုင် တက်ရောက်လာသည့် အသင်းများဖြစ်သည်နှင့်အညီ ခြေရည်တူစွာဖြင့် တစ်ဖက်နှင့် တစ်ဖက်ဦးဆောင်ဂိုးရရှိနိုင်ရေးအတွက် အင်နှင့်အားနှင့် ယှဉ်ပြိုင်ကစားခဲ့ကာ ပွဲကစားချိန် ၄ မိနစ်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ဦးဆောင်ဂိုး စတင်ရရှိခဲ့သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းက ဘောလုံးကို ပိုမိုထိန်းသိမ်းကစားနိုင်ခဲ့ပြီး ပွဲကိုစိုးမိုးထားခဲ့ကာ ပွဲချိန် ၁၆ မိနစ်တွင် ချေပဂိုးပြန်လည်သွင်းယူနိုင်ခဲ့သဖြင့် တစ်ဖက်တစ်ဂိုးစီဖြင့် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ယင်းနောက် တစ်ဖက်နှင့်တစ်ဖက်ဂိုးရရှိနိုင်သည့်အခွင့်အရေးများ အပြန်အလှန်ရရှိခဲ့ကြပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ပွဲချိန် ၃၉ မိနစ်နှင့် ၄၆ မိနစ်တို့တွင် တိကျသည့်ကန်ချက်များဖြင့် ဦးဆောင်ဂိုးများ ထပ်မံရယူနိုင်ခဲ့သဖြင့် ပထမပိုင်းပြီးဆုံးချိန်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းကို သုံးဂိုး တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်း ပွဲကစားချိန်တွင် တစ်ဖက်နှင့်တစ်ဖက် **စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှအဆက်

အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းက ပွဲချိန် ၆၆ မိနစ်တွင် ဗျေပဂိုး တစ်ဂိုးနှင့် သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံး၍ နာကျင်အချိန်ပိုပေးထားသည့် ၉၃ မိနစ်တွင် အဖိုးတန်ဗျေပဂိုး တစ်ဂိုးတို့ကို ထပ်မံသွင်းယူနိုင်ခဲ့သည့်အတွက် ပွဲကစားချိန် ပြီးဆုံးချိန်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းတို့သည် တစ်ဖက် သုံးဂိုးစီဖြင့် သရေကျခဲ့ပြီး အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

အချိန်ပိုပွဲစဉ်များ အတွင်း၌လည်း တစ်ဖက်နှင့်တစ်ဖက် အနိုင်မခံ၊ အရှုံးမပေးရေကုန်ရေခန်း အားကစားစိတ်ဓာတ်အပြည့်ဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး နှစ်ဖက်အသင်း ဂိုးသမားများ၏လက်စွမ်းပြမှုများနှင့်အတူ တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိသည့်အတွက် အချိန်ပိုပွဲချိန် ပြီးဆုံးချိန်တွင် သုံးဂိုးစီဖြင့် သရေရလဒ်သာထွက်ပေါ်ခဲ့သဖြင့် ပင်နယ်တီအဆုံးအဖြတ်ခံယူခဲ့ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းက အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို ခြောက်ဂိုး ငါးဂိုးဖြင့် ထိုက်တန်စွာ အနိုင်ရဗိုလ်စွဲခဲ့သည်။

ယင်းနောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ပြုလုပ်ရာ တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်က ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းတို့ကို စစ်ရာထူးခန့်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် (က)အဆင့်ပြိုင်ပွဲတွင် အသန့်ရှင်းဆုံးဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းကို ဆုဖလားနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။

လင်းအောင်က ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် (က)အဆင့်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အသင်းတို့ကို စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးမင်းဦးက ငွေသားဆုနှင့် တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ (ခ)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးတေဇကျော်က တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကိုလည်းကောင်း၊ (က)အဆင့်ပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံးအားကစားသမားဆုရရှိသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပိုက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ အားကစားသမားများကို ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း၊ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းမှ အားကစားသမားများကို ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်က တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးက တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ (ခ)အဆင့်ပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါအကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲကို (က)အဆင့်ပြိုင်ပွဲနှင့် (ခ)အဆင့်ပြိုင်ပွဲဟူ၍ ပြိုင်ပွဲ နှစ်မျိုးခွဲခြားကာ (က)အဆင့်တွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း၊ (ခ)အဆင့်တွင် ပြိုင်ပွဲဝင်အသင်းရှစ်သင်း စုစုပေါင်း ၂၄ သင်းဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပထမအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို တိုင်းစစ်ဌာနချုပ်များအလိုက် ဇုန်များခွဲ၍ ယှဉ်ပြိုင်ကစားခဲ့ကြပြီး နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ စတင်၍ ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်ကာ ယနေ့တွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုဘောလုံးအသင်း အောင်ပွဲခံစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက ပဲထမင်းဘူးများ ပေးအပ်လှူဒါန်း




နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသည့် ပဲထမင်းဘူးများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိ သောလုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပဲထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားများ ဘေးအန္တရာယ် ကင်းရှင်းပါစေ၊ ကျန်းမာကြပါစေ၊ တရားသောစစ်ကို ဆင်နွှဲနေကြသည့် ပြည်သူ့တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ကြပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သတင်းရရှိသည်။



စေတနာရှင်အလှူရှင် ပြည်သူများက လှူဒါန်းသည့် ပဲထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် ဆုတောင်းမေတ္တာစာလွှာများကို တွေ့ရစဉ်။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မြို့တော် နေပြည်တော်တွင် "ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"အား နိုင်ငံတော်အစိုးရနှင့်ပြည်သူတို့က သဒ္ဓါထက်သန်စွာဖြင့် စုပေါင်းပါဝင်လှူဒါန်းပူဇော်တည်ထားကိုးကွယ်ခဲ့ရာ စေတီတော်မြတ်ကြီး၏ ဖောင်းရစ်သုံးခုအနက် တတိယဖောင်းရစ်နှင့် ဒုတိယဖောင်းရစ်အား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယခုအခါ ဆက်လက်၍ ကျန်သော ပထမဖောင်းရစ်ဧရိယာ ၃၄၈၅ ဒသမ ၇၈ စတုရန်းပေကို ရွှေစင်ရွှေပြားကပ်လှူရန် စီစဉ်လျက်ရှိပါသည်။ ရွှေစင်ရွှေပြား တစ်ချပ်အတွက် အလှူငွေမှာ ငွေကျပ် ၂၅၀၀၀၀၀ (ကျပ် နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါ၍ ပြည်သူတစ်ဦးချင်းက သဒ္ဓါတတ်အား နည်းများမဆို ကုသိုလ်ပါဝင်လှူဒါန်းနိုင်ပါရန်နှင့် ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(က) ဦးမြင့်စိုး
အဖွဲ့ဝင် နေပြည်တော်ကောင်စီ
ဖုန်း ၀၉-၂၆၁၁၇၉၀၀၃

(ခ) ဦးမောင်မောင်
ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ဖုန်း ၀၉-၄၀၄၄၃၄၄၉၉

(ဂ) ဦးဆန်းထွန်းအောင်
ညွှန်ကြားရေးမှူး နေပြည်တော်သာသနာရေးမှူးရုံး
ဖုန်း ၀၉-၄၄၃၁၄၃၁၇၀၊ ၀၆၇-၅၅၀၁၈၃

(ဃ) ဦးထွန်းကြည်
ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်
ဖုန်း ၀၉-၅၁၃၅၆၉၈

(င) ဦးတင်မောင်ကြည်
ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်
ဖုန်း ၀၉-၅၀၇၈၁၇၃

(စ) ဦးခင်မောင်ထွန်း
ဂေါပကအဖွဲ့ဝင် ဥပ္ပါတသန္တိစေတီတော်
ဖုန်း ၀၉-၄၄၈၁၂၇၉၀၇

(ဆ) ဦးမြဝင်း
ရုံးအဖွဲ့မှူး ဥပ္ပါတသန္တိစေတီတော်
ဖုန်း ၀၉-၄၅၂၄၁၇၈၈၉

## ရေဘေးဒဏ်ခံစားခဲ့ရသည့် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသည့် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လှူဒါန်းသည့် ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ လှည်းကူးမြို့နယ် စာရေးဆရာ အသင်းဝင်များ ကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရေဘေးဒဏ်ခံစားခဲ့ရသည့် လှည်းကူးမြို့နယ်စာရေးဆရာအသင်းဝင်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသည့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးတရားသူကြီးချုပ်၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)နှင့် အဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ရေဘေးဒဏ်ခံစားခဲ့ရသည့် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လှူဒါန်းသည့်ငွေများကို ယနေ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဘက်ပေါင်းစုံမှနေ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဒေသအတွင်း လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်က စာပေလောကသားများ၊ စာပေပညာရှင် စာရေးဆရာကြီးများကို တတ်စွမ်းသရွေ့ ကြည့်ရှုစောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ လက်ရှိဖြစ်ပွားနေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ကိစ္စရပ်များတွင် သတင်းတု၊ သတင်းမှားများကြောင့် တိုင်းရင်းသားပြည်သူများ ပိုမိုဒုက္ခရောက်စေမည့်ဘေးမှ ကင်းဝေးနိုင်စေရေးအတွက် စာပေပညာရှင်စာရေးဆရာကြီးများက မိမိတို့ နားလည်တတ်ကျွမ်းသည့် စာပေကလောင်စွမ်းအားဖြင့် နိုင်ငံနှင့် လူမျိုးအတွက် သတင်းတု၊ သတင်းမှားများကို တိုက်ထုတ်ချေဖျက်၍ သတင်းမှန်များ ဖော်ပြရေးသားပေးကြစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရေကြီးနစ်မြုပ်စဉ်ကာလအတွင်း ထောက်ပံ့မှုများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး ကူညီမှုများဆောင်ရွက်ပေးခဲ့ပါကြောင်းနှင့် နောင်တွင် ရေကြီးနစ်မြုပ်ဒဏ်မှ ကာကွယ်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လှူဒါန်းသည့် ထောက်ပံ့ငွေများကို ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပေးအပ်ရာ လှည်းကူးမြို့နယ် စာရေးဆရာအသင်းဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ထောက်ပံ့ငွေများ ပေးအပ်သည်။

ယင်းနောက် လှည်းကူးမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၄)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) ဆင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးသင်တန်း အမှတ်စဉ်(၁၄)နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၆) ဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် နီလာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ တာဝန်ခံအဖွဲ့ဝင် ဦးဆန်းမြင့်၊နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးဆန်းမြင့်က သင်တန်းဆင်းအမှာစကားပြောကြားရာတွင် သင်တန်းပြီးဆုံးပြီးနောက် သင်တန်းရည်ရွယ်ချက်အတိုင်း နိုင်ငံတော်၏ မူဝါဒလုပ်ငန်းစဉ်များကို ကောင်းစွာသိရှိနားလည်ပြီး သန့်ရှင်းသော အစိုးရတစ်ရပ်အဖြစ် အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ အပြည်ပြည်ဆိုင်ရာဥပဒေ၊ စီမံခန့်ခွဲမှုဆိုင်ရာအယူအဆသစ်များကိုလေ့လာသိရှိကာ သင်တန်းသား၊ သင်တန်းသူ အဆင့်မြင့်အရာရှိကြီးတစ်ဦးချင်းစီ၏ စွမ်းဆောင်နိုင်မှုစွမ်းရည်များ မြင့်မားလာမည်ဟု မျှော်လင့်ပါကြောင်း။

ဌာနအဖွဲ့အစည်းများ၌ ပြန်လည်တာဝန်ထမ်းဆောင်သည့်အခါတွင်လည်း ယခုသင်တန်းက ရရှိလာခဲ့သည့် ဘာသာရပ်ဆိုင်ရာဗဟုသုတများ၊ အတွေ့အကြုံများကို စနစ်တကျပေါင်းစပ်ပြီး မိမိတို့လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချကြရန်၊ လုပ်ငန်းတာဝန်များကို ထူးချွန်ပြောင်မြောက်စွာဆောင်ရွက်နိုင်စွမ်းရှိသူ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးကောင်းများ၊အဆင့်မြင့်အရာရှိကောင်းများအဖြစ် အစဉ်ကြိုးပမ်းထမ်းဆောင်သွားကြရန် တိုက်တွန်းမှာကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်သည်။





အဆိုပါဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ်(၁၄)သို့ ဝန်ကြီးဌာနများမှ သင်တန်းသား ၂၃ ဦးနှင့်အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၁၆)သို့ ဝန်ကြီးဌာနများမှ သင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၂၄ ရက်ထိ ရက်သတ္တ ရှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဆရာတော်ထံ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်း ကထိန်လျာသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် (၃၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အရှေ့တောင်တိုင်းစစ်ဌာနချုပ် (၃၆) ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ပြုလုပ်ရာ မော်လမြိုင်မြို့ မြစေတီစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မြစေတီစာသင်တိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကာ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက မြစေတီစာသင်တိုက်ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာလှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်ဆက်ကပ်ပူဇော်ပွဲတွင် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေ စုစုပေါင်း ငွေကျပ် ၂၅၈၁၂၆၈၀ တန်ဖိုးရှိသော ပဒေသာပင် ၆၄ ခုကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

# ထိုင်းဘုရင့်လေတပ်ဦးစီးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းဘုရင့်တပ်မတော်အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းလေတပ်စစ်သံမှူး Group Captain Jumphol Chantakamma နှင့် တာဝန်ရှိသူတို့က မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်၊ ကမ္ဘာအေးစေတီတော်နှင့် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တို့အား ဖူးမြော်ကြည်ညိုကြပြီး ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။



ထိုင်းဘုရင့်လေတပ်ဦးစီးချုပ် Air Chief Marshal Punpakdee Pattanakul နှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ကို တပ်မတော်(လေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊အမျိုးသမီး ဂျူဒိုပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုး တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၂၃ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊အမျိုးသမီး ဂျူဒိုပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းဇော်မိုးနှင့် အရာရှိစစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲဆက်လက်ပြုလုပ်ရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် တံခွန်စိုက်ဒိုင်းဆုရရှိသော အသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) အမျိုးသား၊ အမျိုးသမီး ဂျူဒိုပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် နိုဝင်ဘာ ၂၀ ရက်မှ ယနေ့အထိ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ကော့သောင်းမြို့တို့ရှိ တပ်မတော်ဆေးရုံများ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး ခုတင်-၁၀၀၀ နှင့် တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး ခုတင်-၅၀၀၊ ရေဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့်ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးများနှင့်တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ နယ်လှည့် အထူးကုဆေးအဖွဲ့က ဒေသခံ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကမ်းရိုးတန်းဒေသ တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ် တူးမြောင်း ကျေးရွာသို့ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်း သူများက သောင်းသောင်းဖြဖြကြိုဆို နှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့ သည် တူးမြောင်းကျေးရွာ တိုက်နယ်ဆေးရုံ ၌အခြေပြု၍ အဆိုပါကျေးရွာနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ပြည်သူ ၉၄၂ ဦးကို ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၃၄၂ ဦး၊ ခွဲစိတ်ရောဂါ ၃၃ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၇ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၁၈၆ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၁၉၇ ဦးနှင့် သွားနှင့် ခံတွင်းရောဂါ ၇၇ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၁ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၂ ဦး၊ ဓာတ်မှန်ရိုက် လူနာ ၁၅ ဦး၊ Ultrasound ဖြင့် စမ်းသပ် စစ်ဆေးလူနာ ၅၇ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲ စမ်းသပ်လူနာ ၅၆ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ခွဲစိတ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန်လိုအပ်သူ ငါးဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ တက်ရောက် ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေး ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေး ကာ လာရောက်ဆေးကုသမှုခံယူကြသော ပြည်သူများကို စက်လှေများစီစဉ်ပေးပြီး နေ့လယ်စာထမင်းဘူးများပေးအပ်သည်။

အလားတူ ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော် မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါ လာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူး များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီး ဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြု များပါဝင်သော နယ်လှည့်အထူးကု ဆေးအဖွဲ့သည် ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့ရှိ ဧရာ ဝတီဆိပ်ကမ်းသို့ ရောက်ရှိကြရာ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမ များနှင့် ကျောင်းသား၊ ကျောင်းသူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက် ကြသည်။

အဆိုပါ နယ်လှည့်အထူးကုဆေးအဖွဲ့ သည် ဓနုဖြူမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့မ ဓမ္မာရုံ၌အခြေပြု၍ ဓနုဖြူမြို့နှင့် ပတ်ဝန်း ကျင်ကျေးရွာများမှ ဒေသခံပြည်သူ ဦးရေ ၄၃၀ ကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့် အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ဦးရေ ၂၀၀၊ ခွဲစိတ်ရောဂါ ၁၄ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၂ ဦး၊ ကလေး ရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၇၄ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ဦးရေ ၂၀၊ မျက်စိရောဂါ ၇၅ ဦးနှင့် သွားရောဂါ ၁၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် တယ်လီ ဗေးရှင်းဓာတ်မှန်ရိုက် လူနာ ၁၀ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၄ ဦးတို့ကို ရောဂါ ရှာဖွေ စမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှု များအပေါ် ဒေသခံပြည်သူများ၏ စကား သံများကို ယခုလိုပဲကြားသိခဲ့ရပါတယ်-

**ဒေါ်ငွေငွေ (တူးမြောင်းကျေးရွာ လပွတ္တာ မြို့နယ်)**

လပွတ္တာမြို့နယ် တူးမြောင်းကျေးရွာမှာ နေပါတယ်။ အစာအိမ်ရောဂါဖြစ်တာ နှစ်နှစ်လောက်ကြာပါပြီ။ အပြင်မှာလဲ ဆေးမကုသနိုင်လို့ အခုတပ်မတော်နယ် လှည့်ဆေးကုသရေးအဖွဲ့က အခမဲ့လာ ရောက်ကုသလို့ ကျွန်မလာရောက်ပြသခြင်း ဖြစ်ပါတယ်။ မပြခင်ကတော့ စိုးရိမ် တာပေါ့နော်၊ ကိုယ့်မှာက ပိုက်ဆံကလဲမရှိ တော့ အဲ့လိုမျိုးဖြစ်တဲ့အချိန်မှာ နောက် ကိုယ်က ရေဒီယိုအမြဲနားထောင်တော့ ဆေးကုသရေး တပ်မတော်အဖွဲ့ကြီးက ကလေးလေးမွေးပေးတာကြားတော့ သံလွင် မောင်ဆိုတဲ့နာမည်ပေးတာ အဲ့ဒီမှာ ကတည်းက ဝမ်းသာပြီးတော့ ပြချင်နေတာ။ ကိုယ်ကလဲ ဒီတပ်မတော်ကိုအားပေးတယ် ဂုဏ်လည်းယူတယ်၊ ကျေးဇူးလည်း တင်တယ်။ လက်တွေ့ခုပြတာဆိုတော့ ဝမ်းလည်းသာတယ်။ ကြည်လည်းကြည်နူး တယ်။ အခုရောဂါ တစ်ဝက်သက်သာတယ် လို့ခံစားရပါတယ်။ ဆေးကုသရေးအဖွဲ့က ကောင်းကောင်းမွန်မွန် ရည်ရည်မွန်မွန်နဲ့



ဆက်ဆံပါတယ်။ Ultrasound လဲ ရိုက်ပေး ပါတယ်။ ဆေးတွေလည်း အလကား ပေးတယ်ဆိုတော့ ဝမ်းလည်းသာတယ်၊ ကျေးဇူးလည်းတင်ပါတယ်။ အခုလိုစီစဉ် ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ ဆရာဝန်ကြီးများကိုလည်း ကျေးဇူးလည်း တင်ပါတယ်။ အခုလိုကုသပေးတဲ့အတွက်။ ဒီထက်မက ကျန်းမာချမ်းသာပြီးတော့ နယ်လှည့်ဆေးကုသရေးမှာလည်း အောင် မြင်ပါစေ။ ဒီထက်မက ပြည်သူတွေချစ်ခင် အားပေးမှုကိုရပါစေ။ အခုလိုကုသပေးတဲ့ အတွက် အခုဆိုရင် တပ်မတော်သားတွေ ဟာ နေရာဒေသအသီးသီးမှာ ရှေ့တန်း တာဝန်တွေကို သွားရောက်ထမ်းဆောင် နေရတယ်လို့ ကြားသိရပါတယ်။ အဲ့ဒီလို တပ်မတော်သားတွေဟာ မအားလပ်တဲ့ ကြားကနေ ကျွန်မတို့ကျေးရွာကို လာရောက် ပြီး ဆေးကုသပေးတဲ့အတွက် အရမ်းကို ကျေးဇူးတင်ပါတယ်။ တပ်မတော်သားတွေ အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာပြီး အန္တရာယ်ကင်းဘေးရှင်းကြပါစေလို့ ဆုမွန် ကောင်း တောင်းပေးလိုက်ပါတယ်ရှင်။ ဂုဏ်လည်းယူပါတယ်၊ တပ်မတော်ကြီးကို ဒီထက်အခွန့်ရှည် အောင်မြင်ပါစေလို့ မေတ္တာပို့ပါတယ်ဟုပြောသည်။

**မျူးနီနီလင်း (အလယ်ကိုင်းကျေးရွာ ဓနုဖြူ မြို့နယ်)**

မျက်နှာမှာ အဖုတွေဖြစ်နေလို့ဆိုပြီး အရေပြားလာပြတာပါ။ တွေ့ရာမျက်နှာ သစ်မသစ်နဲ့ပေါ့။ နောက်ပြီးတော့ အပြင်သွားလို့ရှိရင် မျက်မှန်တွေတပ်ပေါ့။ ဒီဖုန်မှုန့်ကြောင့်လည်း မျက်နှာမှာ အဖု တွေဖြစ်တယ်လို့ပြောတယ်။ ဆေးထုတ် ပေးလိုက်တယ်။ စာအုပ်ထဲမှာ ဆေးနာမည် လေးရေးပြီးတော့လေ။ သိပ်ပြီးတော့ ပိုက်ဆံမတတ်နိုင်တဲ့သူတွေ၊ နောက်ပြီး တော့ သိပ်ပြီးအဆင်မပြေတဲ့သူတွေ အတွက်တော့ အဆင်ပြေတာပေါ့။ သွား ခံတွင်းပါရဂူ၊ အရိုးအကြောပါရဂူ၊ နောက်ပြီး



တော့ အစုံပဲပေါ့။ မျက်စိပါရဂူတွေလည်း ပါတယ်။ နား၊ နှာခေါင်း ခွဲစိတ်ပါရဂူတွေ လည်းပါတာပေါ့။ အဲ့လို ကုသပေးတဲ့အဖွဲ့ ကိုလည်း ညီမ ပြည်သူတွေကိုယ်စား ကျေးဇူးတင်ပါတယ်။ ပရဟိတမျိုးတွေ လည်း ဆက်ပြီးလုပ်နိုင်ပါစေလို့ ဆုတောင်း ပေးပါတယ်ဟုပြောသည်။

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထု ကံတော်တွင် တည်ထားပူဇော်အောင်မြင် ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော် ခြင်းကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ မီးပုံးပျံ လွှတ်တင်ပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်၌ ကျင်းပ သွားမည်ဖြစ်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့ အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ် တေးဂီတအဖွဲ့၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး မြဝတီတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော်တေးသံရှင်များက ဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ညပိုင်းတွင် အလှညမီးကြီးနှင့် စိန်နား ပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်မှု များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် (တန်ဆောင်မုန်းလပြည့်) ညတို့တွင် လည်း မီးပုံးပျံများ လွှတ်တင်ပူဇော်သွား မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်ကို တန်ဆောင်တိုင်ပိတ်ရက်များ၌ ပြေးဆွဲပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန မြန်မာ့မီးရထားသည် ဒေသခံတိုင်းရင်း သားပြည်သူများနှင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများအတွက် တောင်ကြီးမြို့၏ သာယာလှပသောရှုခင်းများကို Sight Seeing ကြည့်ရှုနိုင်ရန် တောင်ကြီး-ပေါ်မူ၊ ပေါ်မူ-တောင်ကြီး ရထားခရီးစဉ်ကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ တန်ဆောင်တိုင်ပိတ်ရက်များတွင် တောင်ကြီး ဘူတာမှစတင်၍ နံနက် ၈ နာရီတွင် အထူးရထားအဖြစ် ပြေးဆွဲပေးသွားမည် ဖြစ်ကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူ ခရီးစဉ်သည် ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် ၁နာရီခွဲခန့် ကြာမြင့်မည်ဖြစ်သည်။ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီး ဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးမည်ဖြစ်ပြီး ပေါ်မူဘူတာ သို့ရောက်ရှိပါက ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ ပြုလုပ်ချိန် တစ်နာရီ ရပ်တန့်ပေးမည် ဖြစ်သည်။ ပြေးဆွဲမည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း နှစ်တွဲ၊ ရိုးရိုးတန်း နှစ်တွဲနှင့် ရထားထိန်းတွဲ တစ်တွဲတို့ဖြင့် ပြေးဆွဲပေး မည်ဖြစ်သည်။ တောင်ကြီး-ပေါ်မူ ခရီးစဉ် တွင် အထက်တန်းလက်မှတ် တစ်ဦးလျှင် အသွား ၂၀၀၀ ကျပ်၊ အပြန်ခရီး ၂၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ် တစ်ဦးလျှင် အသွား ၁၀၀၀ ကျပ်၊ အပြန်ခရီး ၁၀၀၀ ကျပ်ဖြင့် ပြေးဆွဲပေးသွားမည် ဖြစ်သည်။

ခရီးသွားပြည်သူများ၏ စီးနင်းမှုအပေါ် မူတည်၍ ရထားတိုးချဲ့ပေးသွားမည်ဖြစ် ကြောင်းနှင့် စိတ်လက်အေးချမ်းပျော်ရွှင်စွာ ရထားစီးပြီး အပန်းဖြေသွားလာနိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# ဘဏ်စနစ်ခိုင်မာယုံကြည်မှုရှိဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆုံးရှုံးနိုင်ခြေများကိုအခြေခံပြီး စောင့်ကြပ်ကြီးကြပ်နေတဲ့အတွက် အများပြည်သူရဲ့အပ်နှံငွေတွေ ဆုံးရှုံးမှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အပြည့်အဝအာမခံပါတယ်။

**ဘဏ်များတွင် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ပုံမှန်အတိုင်းဆောင်ရွက်လျက်ရှိခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်-**

**မေး ။** ဒီရက်ပိုင်းအတွင်း ဘဏ်တွေရှေ့မှာ ပြည်သူတွေ ငွေထုတ်ယူနိုင်ဖို့အတွက် တန်းစီနေတာ နေရာတော်တော်များများမှာ တွေ့ရပါတယ်။ ဘာကြောင့်လို့ ပြောချင်ပါသလဲ။

**ဖြေ ။** လတ်တလောဖြစ်ပေါ်နေတဲ့အခြေအနေတွေကို အခွင့်ကောင်းယူပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာမှုနဲ့ စီးပွားရေးတည်ငြိမ်မှုကိုမလိုလားတဲ့ သတင်းမီဒီယာများ၊ အကြမ်းဖက်အုပ်စုများနဲ့ ၎င်းတို့ကို ထောက်ခံအားပေးသူများက လူမှုကွန်ရက်စာမျက်နှာများမှာ သတင်းတု၊ သတင်းအမှားများကို လှုံ့ဆော်ရေးသားမှုတွေ ဆက်တိုက်ပြုလုပ်နေခဲ့ပြီး ယင်းသတင်းများအနက် နယ်ဘဏ်ခွဲအချို့မှာ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများက အကြမ်းဖက်တိုက်ခိုက်လုယက်ဖျက်ဆီးမှုတွေကို အခွင့်ကောင်းယူပြီး အဆိုပါသတင်းတွေကို ဓာတ်ပုံများနဲ့တကွဖော်ပြပြီး ပြည်သူတွေက ဘဏ်များမှ ငွေထုတ်ယူလို့မရတော့သယောင် သွေးထိုးလှုံ့ဆော်ရေးသားမှုတွေကြောင့် ပြည်သူများစိုးရိမ်ပူပန်မှုမြင့်တက်ပြီး ဘဏ်များမှ ငွေတွေကို လိုသည်ထက်ပို၍ ထုတ်ယူနေခြင်းဖြစ်တယ်လို့ပြောကြားလိုပါတယ်။

**မေး ။** အခုလတ်တလောအခြေအနေတွေအရ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေမှာ အများပြည်သူ ငွေသားထုတ်ယူမှုအပေါ် ကန့်သတ်လိုက်ပြီဆိုတာ ဟုတ်ပါသလား။

**ဖြေ ။** မဟုတ်ပါဘူး။ ပြည်သူတွေရဲ့ အပ်နှံငွေအပေါ် ငွေထုတ်ယူနိုင်ဖို့အတွက် ဘဏ်တွေက ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ပြည်သူက အပ်နှံထားတဲ့ ငွေများအဆင်ပြေပြေထုတ်ယူနိုင်ရေးအပေါ် ပံ့ပိုးကူညီပေးလျက်ရှိပါတယ်။

**မေး ။** Special Account တွေကနေ အချိန်မရွေးငွေကြိုက်သလောက်ထုတ်ယူနိုင်တယ်လို့ နားလည်ထားပါတယ်။ ဒီရက်ပိုင်း Special Account တွေကို ငွေထုတ်ယူမှုကန့်သတ်လိုက်ကြောင်း သတင်းတွေထွက်ပေါ်နေပါတယ်။ မှန်ပါသလား။ မြေပြင်မှာ ငွေသွားထုတ်တဲ့အခါမှာ တန်းစီနေရပြီး ကိုယ့်အလှည့်ရောက်တဲ့အခါမှာ လိုချင်သလောက်မရခြင်း၊ နောက်ရက်မှ လာထုတ်ဖို့ ထပ်မံချိန်းဆိုခြင်းတွေ ကြုံတွေ့နေရတဲ့အပေါ် ဘာများပြောချင်ပါသလဲ။

**ဖြေ ။** အပ်နှံငွေရဲ့အနေအထားအရ New Account(Special Account) ဆိုရင် ငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထည့်သွင်းခဲ့တဲ့ဘဏ်တွေမှာ ပြန်လည်ထုတ်ယူနိုင်ပါတယ်။ ငွေထုတ်ယူသူများရင် ဘဏ်အနေနဲ့ ၎င်းတို့ရဲ့ ငွေသိုလှောင်ခန်း အကျယ်အဝန်းပေါ်မူတည်ပြီး ငွေသားများထားရှိရတဲ့အတွက် ထုတ်ပေးဖို့ ငွေပမာဏကို စီစဉ်ဖို့လိုအပ်တာကြောင့် မိမိငွေထုတ်ယူလိုတဲ့ ပမာဏကို ဘဏ်ကို ကြိုတင်အသိပေးအကြောင်းကြားထားရင် အဆင်ပြေမှာဖြစ်ပါတယ်။

**မေး ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ငွေထုတ်ကန့်သတ်ချက်မထားရှိဘဲ ငွေသားထုတ်ပေးခြင်းတွေကို ဆောင်ရွက်ပေးလျက်ရှိတယ်လို့ပါရှိပေမယ့် လက်တွေ့သွားရောက်ထုတ်ယူတဲ့အခါမှာ အချို့ပုဂ္ဂလိကဘဏ်တွေမှာ ကန့်သတ်ချက်တွေရှိနေလို့ ဒီအပေါ်မှာ ဘာများပြောကြားလိုပါသလဲ။

**ဖြေ ။** အများပြည်သူအနေနဲ့ မိမိအပ်နှံထားတဲ့ အပ်နှံငွေအမျိုးအစားအပေါ်မူတည်ပြီး ဘဏ်က ငွေထုတ်ယူရာမှာ ကွဲပြားမှုများရှိနိုင်ပါတယ်။ Special Accountဆိုရင် မိမိငွေသားထည့်သွင်းခဲ့တဲ့ပမာဏအတိုင်း ငွေသားထုတ်ယူနိုင်ပါတယ်။ ငွေစုဘဏ်စာရင်း(Saving Account)ဆိုရင် တစ်ပတ်တစ်ကြိမ် ငွေထုတ်ယူမှုဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စာရင်းသေအပ်ငွေ (Fixed Deposit)ဖြစ်ရင် သက်တမ်းပြည့်မယ့်အချိန်မှသာ ငွေထုတ်ယူနိုင်မှာဖြစ်ပါတယ်။ Saving Account အပါအဝင် အပ်ငွေစာရင်းအဟောင်းတွေနဲ့ပတ်သက်ရင် ဘဏ်များမှ ငွေထုတ်ယူရာမှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၂၀၂၂ ခုနှစ် ဧပြီလမှာ ထုတ်ပြန်ခဲ့တဲ့ ငွေသားစီမံခန့်ခွဲမှုအဆင်ပြေစေရေး အစီအစဉ်သတ်မှတ်ချက်ပါအတိုင်း ငွေသားထုတ်ယူမှုအပြင် ပြည်သူများအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေဖြစ်တဲ့ မိုဘိုင်းဘဏ်လုပ်ငန်း၊ အင်တာနက်ဘဏ်လုပ်ငန်းများ၊ Account Transfer များနဲ့ ဘဏ်ဝန်ဆောင်မှုများကို အကန့်အသတ်မရှိ ဆောင်ရွက်နိုင်ပါတယ်။

**မေး ။** ပြည်တွင်းပြည်ပမီဒီယာများနဲ့ လူမှုကွန်ရက်တွေမှာ သွေးထိုးလှုံ့ဆော်မှုနဲ့ ဝိသမလောဘသားများရဲ့ ကိုယ်ကျိုးစီးပွားရှာသွေးထိုးမှုတွေကြောင့် ပုံမှန်ပြန်လည်လည်ပတ်နေတဲ့ ဘဏ်တွေမှာ ပြည်သူတွေ စိုးရိမ်တကြီးငွေတွေထုတ်ပါတယ်။ ဘဏ်တွေ မပြိုလဲဖို့နဲ့ ပြည်သူတွေရဲ့ အပ်နှံငွေတွေ မဆုံးရှုံးစေဖို့ ဗဟိုဘဏ်က ဘယ်လိုအာမခံချက်တွေပေးဖို့ရှိပါသလဲ။



**ဖြေ ။** ဗဟိုဘဏ်က အပြည့်အဝအာမခံထားပြီးဖြစ်ပါတယ်။ ၂၀၂၁ ခုနှစ်ကာလမှာသာမက ကောလာဟလဖြစ်တိုင်း ဗဟိုဘဏ်က ပြည်သူများရဲ့ အပ်နှံငွေအပေါ် အပြည့်အဝအာမခံရှိတာကို အကြိမ်ကြိမ်ပြောကြားခဲ့ပါတယ်။ ဘဏ်တွေက အဆိုပါအပ်နှံငွေများ ပြန်လည်ထုတ်ပေးနိုင်ဖို့ ဗဟိုဘဏ်မှာ အနည်းဆုံးထားရှိရမယ့် သီးသန့်ငွေလိုအပ်ချက်ကို အပ်နှံထားရှိလျက်ရှိရာ လက်ရှိမှာ ဘဏ်များက အနည်းဆုံးလိုအပ်ချက်ထက်ပိုပြီး ဗဟိုဘဏ်ထံ အပ်နှံထားပါတယ်။ ဒါ့ပြင် ပြည်သူလူထုကို ငွေပြန်လည်ထုတ်ပေးနိုင်ဖို့ ငွေကြေးလွယ်ကူမှုအချိုးများနဲ့လည်း စောင့်ကြပ်ထိန်းကျောင်းလျက်ရှိရာ ဘဏ်များအနေနဲ့ အပ်နှံငွေတွေ အပြည့်အဝပြန်လည်ထုတ်ပေးဖို့ အဆင်သင့်ရှိပါတယ်။ ဗဟိုဘဏ်အနေနဲ့ ဘဏ်တွေကိုစောင့်ကြည့်ကြပ်မတ်လျက်ရှိတာကြောင့် ဘဏ်တွေအနေနဲ့လည်း အဆင်ပြေချောမွေ့စွာ သတ်မှတ်စည်းကမ်းချက်များနဲ့အညီ ဆက်လက်ဝန်ဆောင်မှုပေးလျက်ရှိတဲ့အတွက် ပြည်သူတွေ စိုးရိမ်ကြောင့်ကြမှုမရှိဘဲ ပုံမှန်အတိုင်း ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ဆောင်ရွက်ရန်လိုအပ်ပါတယ်။

**မေး ။** ဘဏ်ကငွေတွေ အလုအယက်ထုတ်အောင် ကောလာဟလတွေထုတ်ပြီး ရွှေနဲ့ ဒေါ်လာဈေးကို ဆွဲတင်နေတဲ့သူတွေကို ထိထိရောက်ရောက်အရေးယူမယ့်အစီအစဉ်များ ရှိပါသလား။

**ဖြေ ။** ဘဏ်တွေမှာ ငွေကြေးခဝါချမှုဗဟိုအဖွဲ့က သတ်မှတ်ထားတဲ့ ငွေကြေး ကျပ်သန်း ၁၀၀ ထက်ကျော်လွန်ပြီး ထုတ်ယူတဲ့ ပမာဏအားလုံးကို ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့(FIU)ထံ ပေးပို့ရတယ်။ အခုငွေထုတ်များနေတဲ့ သူတွေအားလုံးကို ဗဟိုဘဏ်၊ စသုံးလုံး၊ FIU တို့က အနီးကပ်ကြီးကြပ်စောင့်ကြည့်နေတာဖြစ်တဲ့အတွက် ဈေးကစားမှုများမှာ ပါဝင်ပတ်သက်နေရင် ထိရောက်စွာ အရေးယူသွားမှာဖြစ်ပါတယ်။

ဘဏ်တွေထံမှ ပြည်သူတွေ ငွေထုတ်ယူဖို့ လှုံ့ဆော်ရေးသား၊ ဝါဒဖြန့်နေသူတွေကိုလည်း ဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ ဖော်ထုတ်အရေးယူပြီး ထိရောက်ဟန့်တားသောပြစ်ဒဏ်များ ချမှတ်နိုင်ဖို့ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

**မေး ။** ပြည်သူတွေက စိုးရိမ်ပူပန်မှုတွေမြင့်တက်မှုအပေါ် ဗဟိုဘဏ်အနေနဲ့ မည်သည့်သတင်းစကားပါးလိုပါသလဲ။

**ဖြေ ။** မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေသားသုံးစွဲမှုလျှော့ချပြီး ဒစ်ဂျစ်တယ်ပေးချေမှုများ တိုးတက်စေဖို့အတွက် ဒစ်ဂျစ်တယ်ပေးချေမှုနည်းလမ်းတွေဖြစ်တဲ့ အီလက်ထရောနစ်ကတ်များဖြင့်လည်းကောင်း၊ ဘဏ်များရဲ့ မိုဘိုင်းဘဏ်လုပ်ငန်းနဲ့ မိုဘိုင်း Pay များ၊ အင်တာနက်ဘဏ်လုပ်ငန်း၊ မိုဘိုင်း Wallet များအသုံးပြုပြီး အများပြည်သူအနေနဲ့ ဒစ်ဂျစ်တယ်နည်းလမ်းတွေအသုံးပြုပြီး လုံခြုံစိတ်ချရတဲ့စရိတ်စကသက်သာစွာနဲ့ အကျွမ်းတဝင်ကောင်းမွန်စွာလည်ပတ်ပြီး ငွေပေးချေမှုပြုလုပ်နိုင်ဖို့ကို ပြည်သူတွေကလည်း သုံးစွဲနေပြီး တိုးတက်မှုများလည်း နေ့စဉ်တွေ့ရှိနေရပြီဖြစ်ပါတယ်။ ဘဏ်စနစ်ကို ကောင်းမွန်စွာအသုံးပြုနေတဲ့ လုပ်ငန်းရှင်ကြီးများနဲ့ ကုန်သည်များသာမက ကျေးလက်ဒေသရှိ ပြည်သူများကလည်း (ဥပမာ KBZ Pay)ကို လူကြီးလူငယ်များက အကျွမ်းတဝင်အသုံးပြုနေပြီဖြစ်ပါတယ်။ လက်ရှိကောလာဟလနဲ့ ငွေကြေးစနစ်ကို မတည်ငြိမ်အောင်နှောင့်ယှက်နေတဲ့ အဖျက်မီဒီယာတွေကြောင့် ပြည်သူများအနေနဲ့ အဖျက်မီဒီယာများရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကိုယုံကြည်ပြီး ငွေသားကိုင်ဆောင်မှုကို ပြန်လည်လိုက်ပါဖို့ မလိုအပ်ဘဲ ပုံမှန်အတိုင်း မိမိတို့ရဲ့ဘဏ်စနစ်နဲ့ ငွေပေးချေမှုများကိုဆက်လက်သုံးစွဲဖို့လိုအပ်ပါတယ်။

ဘဏ်စနစ်ခိုင်မာယုံကြည်မှုရှိဖို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဆုံးရှုံးနိုင်ခြေများကိုအခြေခံပြီး စောင့်ကြည့်ကြီးကြပ်နေတဲ့အတွက် အများပြည်သူရဲ့ အပ်နှံငွေတွေဆုံးရှုံးမှုမရှိနိုင်ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အပြည့်အဝအာမခံပါတယ်။ ဘဏ်များနဲ့ ဗဟိုဘဏ်မှာ ငွေသားအလုံအလောက်ရှိကြောင်းနဲ့ မြန်မာနိုင်ငံရဲ့ ဘဏ်လုပ်ငန်းစနစ်ဟာ ဘဏ်ခွဲအချင်းချင်းချိတ်ဆက်ဝန်ဆောင်မှုပေးတဲ့ (Core Banking System)ကို အသုံးပြုလျက်ရှိပါတယ်။ ဘဏ်ခွဲတစ်ခုခုရဲ့ဝန်ဆောင်မှု အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်သွားရင်လည်း ပြည်သူတွေအနေနဲ့ အပ်ငွေတွေထုတ်ယူမရတော့တဲ့ အခြေအနေမျိုး ဖြစ်ပေါ်သွားမှာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းရှိ မည်သည့်ဘဏ်ခွဲတွင်မဆို ဘဏ်လုပ်ငန်းဝန်ဆောင်မှုများရယူနိုင်ပြီး မိမိအပ်နှံထားတဲ့ အပ်ငွေအမျိုးအစားအလိုက် ငွေသားထုတ်ယူနိုင်ပါတယ်။

ဘဏ်များမှာ ယုံကြည်စိတ်ချစွာအပ်နှံထားခြင်းသည် မည်သည့်အခြေအနေ၊ မည်သည့်အချိန်တွင်မဆို မိမိရဲ့ငွေပဲဖြစ်ပြီး အဆိုပါငွေများဟာ ကိန်းဂဏန်းအတိအကျ၊ ပိုင်ရှင်အမည် အတိအကျနဲ့ ရှိနေပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ တာဝန်ယူမှုနဲ့အကာအကွယ်ပေးမှု အပြည့်အဝရရှိနေမှာဖြစ်ပါတယ်။

ယခင်အတွေ့အကြုံများအရ ကောလာဟလများကြောင့် ပြည်သူများက ဘဏ်များမှ ငွေတွေစုပြုထုတ်ယူခဲ့မှုအပေါ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ကောင်းမွန်စွာစီမံထိန်းကျောင်းနိုင်ခဲ့ပြီး ဘဏ်များရဲ့ ဝန်ဆောင်မှုများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ပါတယ်။

ပြည်သူတွေ စိုးရိမ်ပူပန်မှုလွန်ကဲပြီး ငွေများကို လိုသည်ထက် ပိုမိုထုတ်ယူပြီး လက်ဝယ်ထားရှိခြင်းကြောင့် လုယက်၊ ခါးပြတိုက်ခြင်းများခံရနိုင်ပြီး မိမိတို့ငွေများ ဆုံးရှုံးနိုင်တဲ့အခြေအနေမျိုးဖြစ်ပေါ်နိုင်ပါတယ်။

ဘဏ်များရဲ့ပြင်ပမှာ ငွေသားတွေ လိုသည်ထက်ပိုမိုရောက်ရှိလည်ပတ်နေခြင်းအားဖြင့် အိမ်ခြံမြေဈေး၊ ရွှေဈေး၊ ငွေဈေးကစားသူတွေရဲ့လှည့်ကွက်မှာပါဝင်ခဲ့ရင် ကုန်ဈေးနှုန်းကြီးမြင့်ခြင်းတွေ ဖြစ်ပေါ်လာနိုင်ပြီး ပြည်သူလူထုသာလျှင် အခက်အခဲဒုက္ခရောက်နိုင်ပြီး စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုကို ပျက်ပြားစေနိုင်မှာဖြစ်တဲ့အတွက် အဖျက်သမားများရဲ့ သတင်းမီဒီယာများက အခြေအမြစ်မရှိ ရေးသားဖော်ပြနေတာကို စဉ်းစားချင့်ချိန်ပြီး ပြုမူဆောင်ရွက်ဖို့လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ယခင်ကလို ဘဏ်များထံမှ မိမိငွေတွေကို ရာခိုင်နှုန်းတစ်ရပ်ပေးပြီး လဲလှယ်ရယူခြင်းများကို ပြန်လည်ဖိတ်ခေါ်နေသကဲ့သို့ ဖြစ်လာနိုင်ပါတယ်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဟာ နေ့စဉ် အချိန်နှင့်အမျှ ဘဏ်များရဲ့ ငွေသွင်း၊ ငွေထုတ် အပ်နှံငွေအခြေအနေတွေကို စောင့်ကြည့်ထိန်းကျောင်းနေတာကြောင့် ပြည်သူလူထုအနေနဲ့ ကောလာဟလအပေါ် နားယောင်နေဖို့မလိုအပ်ဘဲ ယုံကြည်စွာနဲ့ အများပြည်သူအကျိုးကိုကြည့်ပြီး ပူးပေါင်းဆောင်ရွက်သွားဖို့ ပြောကြားလိုပါတယ်။

လုံခြုံမှုရှိပြီး လူအများသုံးစွဲနိုင်တဲ့ ATM တွေမှာလည်း ငွေများဖြည့်တင်းပေးထားပြီး ငွေကြေးစနစ်ကိုထိန်းချုပ်ရာမှာလည်း နိုင်ငံတကာနည်းတူ စည်းမျဉ်းစည်းကမ်းအတိုင်း အသေးသုံးငွေများကို ATM များမှာ သတ်မှတ်ပမာဏအတိုင်း ထုတ်ယူနိုင်မှာဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်နည်းလမ်းဖြင့်လည်းကောင်း၊ ပြည်တွင်းသုံးကတ်စနစ်ဖြင့်လည်းကောင်း၊ CBM Net System ဖြင့်လည်းကောင်း တစ်ဘဏ်မှတစ်ဘဏ် ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာငွေလွှဲပြောင်းနိုင်ပြီး ပြည်သူများက Account Transfer နည်းများဖြင့်လည်း ငွေပေးချေမှုနည်းလမ်းများကို အကန့်အသတ်မရှိအသုံးပြုနိုင်မှာဖြစ်ပါတယ်။

**မေး ။** လတ်တလောဖြစ်ပွားနေတဲ့ တိုက်ပွဲဖြစ်ပွားမှုဖြစ်စဉ်တွေမှာ ဘဏ်အချို့ကို ဝင်ရောက်တိုက်ခိုက်ပြီး ငွေကြေးကို လက်နက်ကိုင်အဖွဲ့အစည်းအချို့က သိမ်းသွားတာမျိုးရှိတယ်။ ဒီဖြစ်စဉ်မှာ ဆုံးရှုံးသွားတဲ့ ငွေကြေးတွေနဲ့ပတ်သက်ပြီး ဘယ်လိုစီမံဆောင်ရွက်သွားဖို့ရှိပါသလဲ။

**ဖြေ ။** အဲဒီဖြစ်စဉ်မှာပါရှိတဲ့ ဘဏ်တွေရဲ့ Customer များက မိမိတို့ငွေကြေးများကို အထောက်အထားများနဲ့တင်ပြလာရင် ဘဏ်များအနေနဲ့ ထုတ်ပေးနိုင်ဖို့ စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။ ဘဏ်များမှာလည်း ၎င်းတို့ရဲ့ Customer များရဲ့စာရင်းတွေသိမ်းဆည်းထားပြီးဖြစ်လို့ ဘဏ်များရဲ့ မည်သည့်ဘဏ်ခွဲမဆို တိုက်ဆိုင်စစ်ဆေးဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။

# အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနံ ၁၁၈၁ ဧကစိုက်ပျိုးမည်



ယခင်နှစ်က မုန်ညင်းစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၈၁ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၈၁ ဧကကို ယခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးမည့်သီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန်၊ ပိုးမွှား အန္တရာယ်ကင်းရှင်းစေရန်၊ သဘာဝဘေးနှင့် အခြားအကြောင်းများကြောင့် ပျက်စီးလေလွင့်မှုမရှိစေရန် အတွက် စိုက်ပျိုးရေးဦးစီးဌာနက စိုက်ခင်းများထိ ကွင်းဆင်းပြီး တောင်သူများနှင့် တွေ့ဆုံအသိပညာပေးမှုများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"အခုနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ စားဖိုဆောင်သီးနှံ လျာထား ၁၁၈၁ ဧကထိ စိုက်ပျိုးဖို့ရှိပါတယ်။ စိုက်ပျိုးမဲ့အသီးအနှံတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ စားဖိုဆောင်သီးနှံတွေ လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်စေဖို့၊ ဈေးကွက်ဝင် အသီးအနှံတွေဖြစ်စေဖို့နဲ့ စိုက်ပျိုးရေးနည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို ဆောင်းသီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးနေပါတယ်။ စိုက်ပျိုးပြီးရင်လဲ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ဈေးကွက်ဝင်တဲ့သီးနှံနဲ့ မျိုးကောင်းမျိုးသန့်တွေကို အများဆုံးစိုက်ပျိုးမှာပါ"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံ ၁၁၈၁ ဧက စိုက်ပျိုးရာတွင် ပန်းဂေါ်ဖီ၊ နံနံပင်၊ မုန်ညင်း၊ တိုင်ထောင်ပဲ၊ ခရမ်းသီး၊ ဘူးသီး၊ သခွားသီး၊ ကန်စွန်းပင်၊ ရုံးပတီ၊ ကြက်ဟင်းခါးသီး၊ ပဲပုစွန်သီး၊ ဆလတ်ရွက်၊ ငရုတ်ကောင်း၊ ချဉ်ပေါင်ရွက် စသည့်သီးနှံများကို အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းပန်မြို့နယ် ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းပန်မြို့နယ် ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မိုင်းပန်မြို့နယ် ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားမှု၊ စာရင်းဇယားများ မှန်ကန်စွာ ရေးသွင်းထားမှုနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ထားမှုရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားသည်။

မိုင်းပန်မြို့နယ် ဟိုဖိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အေးသူ**



# စလင်းမြို့နယ် အောက်လှိုင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အောက်လှိုင်းကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာစောင်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ မတည်ရန်ပုံငွေ အရင်းအတိုး ပေးဆပ်ရမည့်ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂ ဒသမ ၃၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂ ဒသမ ၃၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သန်းသန်းမိုး**

## အရုဏ်ဦးအလှ

\- အရှေ့ဆီမှာ ရောင်နီလင်း
နံနက်ခင်း လင်းအရုဏ်၊
ကျရောက်လာ အချိန်ကောင်း
သစ်လောင်းလို့ကြို၊
နေလုံးက တောင်ယံဘုံ
တိမ်ရောင်စုံ နီတာတွေး၊
ကြက်တိန်ညင် တွန်သံနှက်
ဆူလျက်ညံကြွေး။

\- ကြားရပြန် ကလတက်
အရုဏ်တက် အချိန်မှန်၊
နိဗ္ဗာန်ဆော် ကြေးစည်တီး
မြည်ဟည်းလို့ညံ၊
သံဃာအပေါင်း ဆွမ်းခံပြန်
ကောင်းမှုကံ ပြုစမြဲ၊
တို့ကျေးရွာ စဉ်လာမပျက်တယ်
ခုထက်တိုင်စွဲ။

\- သာရကာ ကျေးငှက်က
အိပ်တန်းမှ ထွက်ချေပြီ၊
ကျွိကျွိမြည် စာကလေး
သံပေးညံစီ၊
အိမ်ဦးခန်း မြည်ကြေးစည်
ရိုက်ခတ်သည် တို့အဘွား၊
ဘုရားကို အာရုံပြုတယ်
ကောင်းမှုစိတ်ထား။

\- တို့ရွာသူ ပျိုတစ်သိုက်
လယ်ကောက်စိုက် ဆင်းကြပြန်၊
ပက္ကလာ ခေါင်းမှာမိုး
ရှေးရိုးကဟန်၊
လာကြဟဲ့ ခေါ်ဆိုသံ
ဆူဆူညံ အသံများ၊
ညီညီညာ စုကာရုံးလို့
ရွာလုံးကျွတ်ကြား။

\- ရှင်သန်ရာ အရုဏ်ဦး
ကြည်နူးမှု အစုံစုံ၊
မြင်ရပုံ လွန်ကြည်နူး
ထူးလှတဲ့ဂုဏ်၊
မနုဿ လောကဘုံ
ကြုံဆုံရာ ဤလူသား၊
လှုပ်ရှားကာ ထိုနေ့သစ်မှာ
ဖွေလှစ်ကာထား။ ။

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နှစ် (၇၀) ပြည့် လူမှုဝန်ထမ်း

ကြည်ထွန်း(လူမှု)

မြန်မာနိုင်ငံတွင် လူမှုဝန်ထမ်းလုပ်ငန်းများကို "လူမှုဝန်ထမ်းဌာန"ဟူ၍ သီးသီးသန့်သန့် အစိုးရဌာနတစ်ခုအနေဖြင့် တာဝန်ယူဆောင်ရွက်မှုမှာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်တွင် နှစ် (၇၀) တင်းတင်းပြည့်ပြီဖြစ်သည်။ လူမှုဝန်ထမ်းသဘောတရား၏ အခြေခံသည် ဒါန- ပေးကမ်းခြင်း၊ ပေယျဝဇ္ဇ- ချစ်ဖွယ်သောစကားဆိုခြင်း၊ အတ္ထစရိယ- အကျိုးဆောင်ခြင်း၊ သမာနတ္တတာ- မိမိနှင့်တန်းတူဆက်ဆံခြင်းဟူသော အညမညသင်္ဂဟတရားလေးပါးပင်ဖြစ်သည်။

**မြန်မာ့စိတ်ရင်းကူညီခြင်း**

ရှေးမြန်မာများက လူမှုဝန်ထမ်းလုပ်ငန်းများဆောင်ရွက်မှုကို လောကုတ္တရာအကျိုးအတွက် အထောက်အပံ့ဖြစ်သည့်လုပ်ငန်းဟူ၍ လေးနက်စွာမှတ်ယူခဲ့ကြသည်။ မြတ်ဗုဒ္ဓ၏အဆုံးအမအောက်တွင်ရှိကြသူများသည် စိတ်ရင်းစေတနာပြည့်ဝသူများဖြစ်ကြသည့်အားလျော်စွာ အချင်းချင်းရိုင်းပင်းကူညီမှုများဖြင့် လူ့ဘောင်ကိုတည်ဆောက်ခဲ့ကြသည်။ ရှေးမြန်မာဘုရင်များကလည်း လူမှုရေးလုပ်ငန်းများကို ကုသိုလ်ရေးအနေဖြင့် အသိအမှတ်ပြုအားပေးဆောင်ရွက်ခဲ့ကြသည်ကို ရှေးခေတ်ကရေးထိုးခဲ့သော ကမ္ပည်းကျောက်စာများနှင့် ရွှေစည်းခုံမွန်ကျောက်စာတို့အရ သိရှိနိုင်သည်။

**လူမှုရေးအသင်းအဖွဲ့များပေါ်ပေါက်လာ**

ကိုလိုနီခေတ်က မြန်မာနိုင်ငံအတွင်းသို့ ပြည်ပသာသနာပြုအဖွဲ့များရောက်ရှိလာပြီး မိဘမဲ့ကလေးဂေဟာ၊ သက်ကြီးဂေဟာ၊ မျက်မမြင်ကျောင်းနှင့် နားမကြားသောကလေးများကျောင်းကို တည်ထောင်၍ လူမှုဝန်ထမ်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်ခန့်မှစ၍ မြန်မာနိုင်ငံ မြို့ကြီးတချို့တွင် မြန်မာတိုင်းရင်းသားများက ဘာသာသာသနာကိုအရင်းခံ၍ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်သောအသင်းအဖွဲ့များစွာ ပေါ်ပေါက်ခဲ့သည်။ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ)၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ လူငယ်များကြီးပွားရေးအသင်း၊ ကျေးလက်တောရွာပြုပြင်ရေးအသင်းတို့အပြင် ၂၀ ရာစုအစောပိုင်းတွင် မြန်မာနိုင်ငံအနှံ့အပြား၌ ကုမ္ပာရီအသင်းများပေါ်ထွန်းခဲ့သည်။ ထိုစဉ်က ခိုကိုးရာမဲ့ဖြစ်ရသောဘိုးဘွားများအတွက် လူမှုဝန်ထမ်းအာဇာနည်ဘွားဦးဇွန်းကြောင့် မင်းကွန်း၊ သထုံ၊ ပေါင်းတည်၊ နှင်းဆီကုန်း၊ ပခုက္ကူဘိုးဘွားရိပ်သာတို့မှာ မရှေးမနှောင်းပေါ်ထွန်းခဲ့သည်။

**လူသစ်တည်၍ ပြည်သစ်ဆောက်အံ့**

မြန်မာတို့သည် နှစ် ၁၀၀ ကျော် လူမျိုးခြားလက်အောက်တွင် နေခဲ့ရသည့်အပြင် ဒုတိယကမ္ဘာစစ်မီးကြောင့် ပညာရေး၊ စီးပွားရေး၊ ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်စားသောက်ရေးတို့တွင် များစွာချို့ယွင်းပျက်စီးခဲ့ရသည်။ လွတ်လပ်ပြီးခေတ်တွင် လူမှုရေးပြဿနာများကို ဖြေရှင်းနိုင်ရန် ဖဆပလအစိုးရ (၁၉၄၈-၁၉၅၈) က လူထုပညာသင်ကြားရေးကောင်စီအက်ဥပဒေကို ၁၉၄၈ ခုနှစ် မတ် ၂၀ ရက်တွင် ပြဋ္ဌာန်းအတည်ပြုခဲ့ပြီး လူထုပညာရေးကောင်စီကို ဖွဲ့စည်းပေးပြီး "လူသစ်တည်၍ ပြည်သစ်ဆောက်အံ့"ဟူသော ကြွေးကြော်ချက်ဖြင့် ၁၉၄၉ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ လူမှုဝန်ထမ်းလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည်။

**လူမှုရေးရာတို့ဝန်တာ**

ဒေါက်တာဘူလ်ဆာရာ (Dr. JF Bulsara) ခေါင်းဆောင်သော မစ်ရှင်အဖွဲ့၏ လေ့လာဆန်းစစ်အကြံပြုချက်အရ "ပြည်ထောင်စုလူမှုဝန်ထမ်းကောင်စီစည်းမျဉ်း"(မူကြမ်း)ကိုရေးဆွဲကာ ပထမအကြိမ်ပြည်ထောင်စုလူမှုဝန်ထမ်းညီလာခံကြီးကို ၁၉၅၄ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပကာ "ပြည်ထောင်စုလူမှုဝန်ထမ်းကောင်စီစည်းမျဉ်း"ကို သဘောတူအတည်ပြုသည်။ အဖွဲ့ဝင်ဦးရေ ၅၀ ပါဝင်သောအုပ်ချုပ်ရေးအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်သည်။ ခရိုင်ကောင်စီခွဲများကို တိုးချဲ့ဖွဲ့စည်းခြင်း၊ နှစ်စဉ် ညီလာခံကျင်းပကာ ညှိနှိုင်းတိုင်ပင်ခြင်းဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးက စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ၃၀၀ ကျော်ကို ဦးဆောင်ဦးရွက်ပြုခဲ့သည်။ "လူမှုရေးရာ တို့ဝန်တာ" ဟူသောဆောင်ပုဒ်ကို လက်ကိုင်ပြု၍ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့သော ပြည်ထောင်စုလူမှုဝန်ထမ်းကောင်စီ (၁၉၅၄-၁၉၆၂) သည် လူမှုဝန်ထမ်းဝန်ကြီးဌာန၏ အတိုင်ပင်ခံအဖွဲ့ကြီးသဖွယ်ဖြစ်ခဲ့ရသည်။

**လူမှုဝန်ထမ်းဌာနဖြစ်တည်လာမှု**

၁၉၄၇ ခုနှစ်တွင် အမျိုးသားယာယီအစိုးရက အမျိုးသမီးများနှင့် ကလေးများ တိုးတက်ရေးအဖွဲ့ကို ဖွဲ့စည်းသည်။ ၁၉၄၉ ခုနှစ်တွင် ဖဆပလအစိုးရက အမျိုးသမီးများနှင့် ကလေးများစောင့်ရှောက်ရေးဌာနဟူ၍ အစိုးရက တိုက်ရိုက်အုပ်ချုပ်သော ဌာနအဖြစ်ပြောင်းလဲခဲ့သည်။ ၁၉၅၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ၎င်းဌာနရှိ ကျန်းမာရေးနှင့်ဆက်နွှယ်သောလုပ်ငန်းများကို ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးသည်။ ကျန်လုပ်ငန်းများဖြစ်သော သက်ကြီးရွယ်အိုစောင့်ရှောက်ရေး၊ ကလေးသူငယ်များထိန်းသိမ်းရေး၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက ဖွဲ့စည်းထားသော လူအိုရုံ၊ မျက်မမြင်ကျောင်း၊ နားမကြားသောကလေးများကျောင်း၊ ခိုကိုးရာမဲ့ဂေဟာများတွင်နေထိုင်သူများအတွက် ထောက်ပံ့ရေးလုပ်ငန်းနှင့်နောင်ပေါ်ပေါက်လာမည့် အလားတူ စောင့်ရှောက်ရေးလုပ်ငန်းများကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း၍ဆောင်ရွက်နိုင်ရန် "လူမှုရေးရာ ကြီးပွားရေးဌာန" ဟူသောဌာနသစ်ကို ဖွဲ့စည်းသည်။ လူမှုရေးရာကြီးပွားရေးဌာန စတင်ဖွဲ့စည်းခဲ့စဉ်က ကျန်းမာရေးဝန်ကြီးဌာန၏ လက်အောက်ခံဖြစ်ခဲ့ပြီး ၁၉၅၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစ၍ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနလက်အောက်သို့ ရောက်ရှိသည်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှစ၍ လူမှုရေးရာကြီးပွားရေးဌာနအမည်မှ "လူမှုဝန်ထမ်းဌာန"ဟူ၍ ပြောင်းလဲခေါ်တွင်ခဲ့သည်။ လူမှုဝန်ထမ်းဌာနသည် လူမှုဝန်ထမ်းကောင်စီနှင့် ပူးပေါင်း၍ နိုင်ငံတော်အစိုးရ၏ လူမှုဝန်ထမ်းဆိုင်ရာမူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။

❖ လူမှုရေးရာကြီးပွားရေးဌာန စတင်ဖွဲ့စည်းခဲ့စဉ်က ကျန်းမာရေးဝန်ကြီးဌာန၏ လက်အောက်ခံဖြစ်ခဲ့ပြီး ၁၉၅၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှစ၍ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် လူမှုဝန်ထမ်းဝန်ကြီးဌာနလက်အောက်သို့ ရောက်ရှိသည်။ ၁၉၅၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်မှစ၍ လူမှုရေးရာကြီးပွားရေးဌာနအမည်မှ "လူမှုဝန်ထမ်းဌာန"ဟူ၍ ပြောင်းလဲခေါ်တွင်ခဲ့သည်။ လူမှုဝန်ထမ်းဌာနသည် လူမှုဝန်ထမ်းကောင်စီနှင့် ပူးပေါင်း၍ နိုင်ငံတော်အစိုးရ၏ လူမှုဝန်ထမ်းဆိုင်ရာမူဝါဒများကို ဆက်လက်အကောင်အထည်ဖော်ခဲ့သည်။ ❖

**လူရေးလူမှု တို့ရေးရှ**

တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၄) နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် (၁၉၇၄-၁၉၈၈) တို့တွင် နိုင်ငံ့စီးပွားရေးစနစ်ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ရေမြင့်ကြာတင့်ဆိုသကဲ့သို့ လူမှုရေးကိစ္စရပ်များ တိုးတက်ထွန်းကားလာရေးကို ရည်မှန်းကာ ဝါဒသဘောထားကြေညာချက်များ၊ မူဝါဒများချမှတ်ကာ မတူကွဲပြားသောလူမှုဝန်ထမ်းကိစ္စရပ်များကို တိုးချဲ့ဆောင်ရွက်ခဲ့သည်။ "လူရေးလူမှု တို့ရေးရှ" ဟူသောဆောင်ပုဒ်ကို လက်ကိုင်ပြု၍ ကျောင်းသစ်၊ ဌာနသစ်၊ စခန်းသစ်များကို တိုးချဲ့ဖွင့်လှစ်ခဲ့သည်။ လူငယ့်ရိပ်သာ၊ စေတနာ့ညကျောင်း၊ ပရဟိတဂေဟာ၊ ဘိုးဘွားရိပ်သာ အစရှိသောစေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို အသိအမှတ်ပြု၍ နှစ်စဉ်ပံ့ပိုးမှုပြုကာ ပူးပေါင်းဆောင်ရွက်မှုများပြုခဲ့သည်။

**လူမှုဖွံ့ဖြိုးပြည်အကျိုး**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးဖွံ့ဖြိုးရေးကောင်စီလက်ထက်တို့တွင် လူမှုဝန်ထမ်းဌာနလုပ်ငန်းများ ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ "လူမှုဝန်ထမ်းဝန်ကြီးဌာန"ကို "လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန"အဖြစ် ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြောင်းလဲဖွဲ့စည်းပေးခဲ့သည်။ အဆိုပါဝန်ကြီးဌာနလက်အောက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနသည် နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်များနှင့်အညီ ပြည်သူများကို လူမှုရေးဆိုင်ရာအခွင့်အရေးများ တန်းတူညီမျှရရှိစေမှုကို ရှေးရှုသောမူဝါဒများ၊ ရည်ရွယ်ချက်များချမှတ်၍ ဆောင်ရွက်ဆဲလုပ်ငန်းရပ် (၈) ရပ်ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် မူလလုပ်ငန်းများ ကလေးသူငယ်အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီလုပ်ငန်းများ၊ အမျိုးသမီးရေးရာကော်မတီလုပ်ငန်းများ၊ အာဆီယံကလေးသူငယ်ဆိုင်ရာလုပ်ငန်းများ၊ အာဆီယံလူငယ်ဆိုင်ရာလုပ်ငန်းများ၊ အာဆီယံအမျိုးသမီးရေးရာလုပ်ငန်းများ၊ အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဟူသည့် လုပ်ငန်းကြီး (၆) ရပ်ကို ဗဟိုချက် (Focal Point) အဖြစ် တာဝန်ယူဆောင်ရွက်ရသောဌာနဖြစ်လာသည်။

**စေတနာ့ဝန်ထမ်းလုပ်ငန်း**

မြန်မာ့သမိုင်းစဉ်တစ်လျှောက် စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များသည် လူမှုရေးဆိုင်ရာလုပ်ငန်းများတွင် ရှေ့တန်းမှပါဝင်ခဲ့ကြသည်သာဖြစ်သည်။ ၂၀၀၄ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော အိမ်တိုင်ရာရောက်သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းတွင် စေတနာ့ဝန်ထမ်း ၁၅၉၅ ဦးက အစောင့်အရှောက်ခံဘိုးဘွား ၁၇၂၅ ဦးကို စောင့်ရှောက်မှုပြုခဲ့ကြသည်။ ၂၀၁၄ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာ ၁၁၅ ရွာက လူငယ်မောင်မယ် ၂၆၀ ကိုလည်းကောင်း၊ ကရင်ပြည်နယ်ရှိ ကျေးရွာ ၂၀ က လူငယ်မောင်မယ် ၁၀၆ ဦးကိုလည်းကောင်း နည်းပြသင်တန်းများပို့ချပေးခဲ့ကာ လူမှုစောင့်ရှောက်ရေးစေတနာ့ဝန်ထမ်းလူငယ်အဖွဲ့နှင့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်အဖွဲ့များ ဖွဲ့စည်းပေးခဲ့သည်။ ၂၀၁၈ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးပြည်ထောင်စုစီမံကိန်း (UEHRD) တွင် ပါဝင်ဆောင်ရွက်လိုသည့် စေတနာ့ဝန်ထမ်းများကို ရန်ကုန်မြို့တွင် လုပ်ငန်းခွင်အကြိုသင်တန်းများ တက်ရောက်စေကာ ရခိုင်ပြည်နယ် ဘူးသီးတောင်နှင့် မောင်တောမြို့တို့ကို အခြေပြုဆောင်ရွက်စေခဲ့သည်။ ကိုဗစ်-၁၉ ကာလအတွင်း အမျိုးသားအဆင့်စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ စည်းရုံးဆော်သြမှုဖြင့် တစ်နိုင်ငံလုံးရှိ စေတနာ့ဝန်ထမ်းဦးရေ ၂၅၆၈၀ တို့နှင့် ပရဟိတအဖွဲ့အစည်း ၁၇၉၇ ဖွဲ့တို့မှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်ခဲ့သည်။

**စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို ပံ့ပိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး**

လူမှုဝန်ထမ်းဦးစီးဌာနက ၁၉၅၃-၁၉၅၄ ခုနှစ်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများက တည်ထောင်ဖွင့်လှစ်ထားသော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများကို သတ်မှတ်ချက်များနှင့်အညီ တည်ထောင်ခွင့်ပြုမိန့်ထုတ်ပေးပြီး နည်းပညာအကူအညီနှင့် နှစ်စဉ် ငွေကြေးပံ့ပိုးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ၂၀၂၃ ခုနှစ်ထိ ဌာနက တည်ထောင်ခွင့်ပြုမိန့်ထုတ်ထားပေးသည့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာနှင့် မျက်မမြင်ကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ လူငယ့်ရိပ်သာများ၊ စေတနာမူလတန်းညကျောင်းများကို ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ပံ့ပိုးပေးလျက်ရှိသည့်အပြင် သုံးမြွာပူးနှင့်အထက်မွေးသော မိခင်နှင့်ကလေးဆုကိုလည်း ခေတ်ကာလနှင့်လျော်ညီသောနှုန်းထားဖြင့် ပံ့ပိုးပေးလျက်ရှိသည်ဟု သိရသည်။

**အာဆီယံဗဟိုချက်လုပ်ငန်းများ**

လူမှုဝန်ထမ်းဦးစီးဌာနက ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ အခွင့်အလမ်းများ တူညီစွာရရှိခံစားနိုင်စေရန်၊ ဘဝအရည်အသွေး တိုးတက်မြင့်မားစေရန်အတွက် အားလုံးအကျုံးဝင်သော အသိုက်အဝန်းတစ်ရပ် ဖော်ဆောင်ရေးဆိုသည့် ASEAN Community Vision 2025 နှင့်အညီ ဆောင်ရွက်ဖွယ်ရာလုပ်ငန်းအဖြာဖြာကို အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူမှုဝန်ထမ်းဦးစီးဌာနသည် ပြောင်းလဲတိုးတက်နေသော ခေတ်စနစ်နှင့်အညီ ခေတ်အဆက်ဆက်ယွင်းမပျက်ခဲ့သော လူမှုဝန်ထမ်းလုပ်ငန်းများကို စေတနာ၊ ဝါသနာ၊ အနစ်နာ၊ အကြင်နာ၊ ကရုဏာတည်းဟူသောနာငါးနာဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ကလေးသူငယ်၊ အမျိုးသမီး၊ မသန်စွမ်းသူ၊ သက်ကြီးရွယ်အိုများဘဝမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်မှုများပြုပေးရာနေရာ ဖြစ်လာသည်။ ဤသို့သော ကောင်းမြတ်သည့်အစဉ်အလာများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ကာ လူ့ဂုဏ်သိက္ခာအပြည့်အဝရရှိနိုင်မည့် လူမှုအသိုက်အဝန်းတစ်ရပ် ပေါ်ပေါက်လာစေရန် ရေရှည်တည်တံ့မှုရှိသည့် လူမှုကာကွယ်စောင့်ရှောက်ရေးနည်းလမ်းများဖြင့် ပြည်သူလူထုအားလုံး လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးတိုးတက်ရေးကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ထမ်းရွက်နိုင်သောဌာနတစ်ခုဖြစ်ပါစေဟု ဆန္ဒပြုလျက် နှစ် (၇၀) ပြည့် လူမှုဝန်ထမ်းဦးစီးဌာနမွေးနေ့ကို ဂုဏ်ပြုရေးသားလိုက်ပါသည်။

**ကိုးကား**


- **မြန်မာနိုင်ငံလူမှုဝန်ထမ်းသမိုင်း၊ ၂၀၀၃**
- **ဒသမတန်းမြန်မာ့သမိုင်း (၂၀၀၇၊ ဩဂုတ်)**
- **ပြန်ကြားရေးဌာနစာစဉ်အမှတ် (၇) လူမှုဝန်ထမ်း (၁၅.၆.၁၉၅၆)**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ပင်လယ်ပန်းကဏန်းပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့



**လပွတ္တာ နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလက ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ချိုက ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပင်လယ်ပန်းကဏန်း ပိဿာချိန် ၄၇၀၀၀ ထိသာတင်ပို့ရောင်းချခဲ့ရပြီး အောက်တိုဘာ ၁ ရက်မှ ၃၁ ရက်ထိ ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ပင်လယ်ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ပင်လယ်ပန်းကဏန်းတွေက ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေက နေရရှိတာဖြစ်ပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်တဲ့ ပင်လယ်ပန်းကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ အောက်တိုဘာလက ပင်လယ်ပန်းကဏန်း ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ လပွတ္တာမြို့နယ်ဘက်ကနေထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ကဏန်းတွေ အဝယ်လိုက်နေတာကလဲ ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပဈေးကွက်ရှိလာတာကြောင့်လို့ သိရပါတယ်"ဟု လပွတ္တာမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဒေါ်ချိုက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ပင်လယ်ပန်းကဏန်းများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ ပန်းကဏန်းပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၂၇၀၀၀၀၀ ထိ ဈေးပေါက်နေကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# မုဒုံမြို့နယ် ကွမ်လှာ(ရွာဟောင်း)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**မုဒုံ နိုဝင်ဘာ ၂၄**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်လှာ(ရွာဟောင်း)ကျေးရွာ အပိုင်း(၁+၂+၃)တို့၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မုဒုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာဝင်းနှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကွမ်လှာ(ရွာဟောင်း)ကျေးရွာ အပိုင်း(၁+၂+၃)တို့၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ကွမ်လှာ(ရွာဟောင်း)ကျေးရွာ အပိုင်း(၁+၂)၌ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းပေ ၉၁၀၀ သွယ်တန်းခြင်းနှင့် ရေစုကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၇ ဒသမ ၅၂၁ သန်းဖြင့် တင်ဒါအောင်မြင်သည့် စမ်းကြီးပွင့်ကုမ္ပဏီက တာဝန်ယူ၍လည်းကောင်း၊ ကွမ်လှာ(ရွာဟောင်း)ကျေးရွာ အပိုင်း(၃)၌ ဂါလန် ၁၀၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်း၊ ရေပိုက်လိုင်းပေ ၂၇၀၀ သွယ်တန်းခြင်းနှင့် ရေစုကန်ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၅ ဒသမ ၀၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ရဲသွေးအောင်ကုမ္ပဏီကလည်းကောင်း ယခုနှစ် ဇူလိုင်လတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားသဖြင့် ကျေးရွာရှိ အိမ်ခြေ ၈၃၃ အိမ်နှင့် လူဦးရေ ၂၉၈၃ ဦးတို့အတွက် ရာသီမရွေး ရေရရှိတော့မည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စန္ဒာဝင်းထံမှ သိရသည်။

**သုတ**

# ဖောင်းပြင်မြို့နယ် ဟဲနိမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ဖောင်းပြင် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟဲနိမ်ကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းညွန့်က မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့်ကျေးလက်လူနေမှုအဆင့်အတန်းကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဖောင်းပြင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံတို့က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဟဲနိမ်ကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သက်မာ**



# ရမည်းသင်းမြို့နယ် ဇီးဖြူကုန်းကျေးရွာ၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရမည်းသင်း နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇီးဖြူကုန်းကျေးရွာ၌ ပထမအကြိမ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက စီမံကိန်းချေးငွေများကို ဇီးဖြူကုန်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများရရှိစေရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်တတ်စေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဆန်းက စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ပထမအကြိမ်အဖြစ် ဇီးဖြူကုန်းကျေးရွာရှိ အသားတိုးဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ငါးဦးပါ အစုအဖွဲ့လေးဖွဲ့အတွက် ငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မြိုးထက်အောင်(ပျော်ဘွယ်)**

# မြို့သစ်မြို့နယ် ပေပင်ကုန်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြို့သစ် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ပေပင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆွေမြင့်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပေပင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး သက်ဆိုင်သူများက ဝိုင်းဝန်းထိန်းသိမ်းရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့သစ်မြို့နယ် ပေပင်ကုန်းကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၄ ဒသမ ဝ၃ သန်းဖြင့် ဌာနမှ အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် စက်တင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများပြီးစီးသွားသဖြင့် ပေပင်ကုန်းကျေးရွာနေပြည်သူများအတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စများဆောင်ရွက်ရာ၌ ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း မြို့သစ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **အထွေး**

ပလင်းတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ ဖတ်ကြစို့

# တနင်္ဂနွေနေ့ညမှာကစားမဲ့ ဥရောပအမှတ်ပေးပြိုင်ပွဲမှာ ပုံစံကောင်းရနေတဲ့ အဲဗာတန်အသင်း၊ အင်တာမီလန်အသင်း၊ ဘက်တစ်အသင်းတို့ကို ရွေးချယ်ရမှာပါ

M L



လာမဲ့တနင်္ဂနွေနေ့ညမှာကစားမဲ့ အမှတ်ပေးပြိုင်ပွဲမှာ အသင်းကြီးတွေနဲ့ ခြေရည်တူအသင်းတွေ ထိပ်တိုက်တွေ့ဆုံနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာပါ။ ပြီးခဲ့တဲ့ရက်သတ္တပတ်မှာတော့ နိုင်ငံအသင်းပွဲစဉ်တွေရှိခဲ့လို့ နိုင်ငံကိုယ်စားပြုကစားသမားတွေများနေတဲ့ ကလပ်အသင်းတွေအနေနဲ့ ဒဏ်ရာရ၊ ပွဲပန်းမှုတွေရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် တနင်္ဂနွေနေ့ညမှာကစားမဲ့ပွဲစဉ်တွေထဲက ဒဏ်ရာရ၊ ပွဲပယ်ကစားသမားတွေများနေတဲ့ အသင်းကိုရှောင်ပြီး လက်ရှိ အမှတ်ပေးပြိုင်ပွဲမှာ ပုံစံကောင်းရနေတဲ့ အသင်းတွေကိုသာ အဓိကရွေးချယ်သွားမှာပါ။

## အဲဗာတန်အသင်းကို အားပေးရမှာပါ

ပရီးမီးယားလိဂ်ပွဲစဉ်(၁၃) မှာ အကြိုက်တွေ့မိတာကတော့ အဲဗာတန်အသင်းနဲ့ မန်ယူအသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ အဲဗာတန်အသင်းဟာ တိုက်စစ်မှူး ကယ်ဘက်လေဝင် ဒဏ်ရာကပြန်ကောင်းလာချိန်မှာ တိုက်စစ်ပိုင်းထက်မြက်လာခဲ့ပြီး ရလဒ်ကောင်းခဲ့တာကိုတွေ့ရမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ပြီးခဲ့တဲ့နှစ်က ဘဏ္ဍာရေးစည်းမျဉ်းချိုးဖောက်ခဲ့တာကြောင့် ရမှတ် ၁၀ မှတ်လျှော့ ပြစ်ဒဏ်ချမှတ်ခံရပြီး နောက်ပိုင်း အဆင့် (၁၉) ထိ ကျဆင်းခဲ့ကာ တန်းဆင်းဇုန်ထဲ ကျရောက်သွားခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းဟာ လာမဲ့ပွဲစဉ်တွေကို အစွမ်းကုန် ကြိုးစားနိုင်မှ တန်းဆင်းဇုန်က လွတ်မြောက်နိုင်မှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းကလဲ ပြိုင်ဘက်မရွေး ယှဉ်ကစားနိုင်တဲ့အခြေအနေမှာရှိနေတာကို တွေ့ရမှာပါ။ အဲဗာတန်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ လီဗာပူး၊ ဝက်စ်ဟမ်း၊ ဘရိုက်တန်တို့လိုအသင်းတွေနဲ့ ပွဲကျပ်ကစားခဲ့ရပေမဲ့ လီဗာပူးအသင်းကိုသာရှုံးခဲ့ပြီး ကျန်အသင်းတွေကိုတော့ ရှုံးနိမ့်ခဲ့ခြင်းမရှိဘဲ ရမှတ် ၁၀ ထိ ရှာဖွေနိုင်ခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာလဲ ဒဏ်ရာရ ကစားသမားများနေတဲ့ မန်ယူအသင်းကို ပွဲချိန်ပြည့်ဖိအားပေးနိုင်ဖို့ သေချာနေပြီး အနည်းဆုံး ရမှတ်ခွဲယူသွားဖို့များပါတယ်။

မန်ယူအသင်းဟာ ပရီးမီးယားလိဂ် ၁၂ ပွဲအပြီးမှာ ခုနစ်ပွဲနိုင်၊ ငါးပွဲရှုံးရလဒ်ကြောင့် ရမှတ် ၂၁ မှတ်နဲ့ အဆင့် (၆) ထိ ရောက်ရှိနေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ စပါး၊ အာဆင်နယ်၊ မန်စီးတီး၊ ဘရိုက်တန်၊ ပဲလေ့စ်တို့လို ခြေစွမ်းပိုင်းကောင်းတဲ့အသင်းတွေကိုတော့ ရှုံးနိမ့်ခဲ့တာကို တွေ့ရမှာပါ။ အခုပွဲစဉ်မှာလဲ ခံစစ်က အိုနာနာ၊ မာတီနက်ဇ်၊ လုခ်ရှော၊ အီဗန်၊ ကွင်းလယ်က ကက်စမဲရိုး၊ အဲရစ်ဆင်တို့ ဒဏ်ရာရနေတာကြောင့်လဲ အဲဗာတန်ကို ဖိအားပေးကစားနိုင်ဖို့ထက် ဂိုးမပေးရရေးကိုသာ ကြိုးစားသွားရမှာပါ။ သူတို့အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလဲ နယူးကာဆယ်၊ မန်စီးတီး၊ ကိုပင်ဟေဂင်တို့ကို ရှုံးခဲ့ပြီး ခြေစွမ်းပိုင်းအားနည်းတဲ့ ဖူလ်ဟမ်၊ လူတန်တို့ကိုသာ အနိုင်ရခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ကစားကွက်ပိုင်းအားနည်းနေပြီး ဒဏ်ရာရကစားသမားများနေတဲ့ မန်ယူအသင်းအနေနဲ့ အဲဗာတန်လို အသင်းလိုက်ကစားအားကောင်းနေတဲ့အသင်းကို ပွဲချိန်ပြည့် ဟန့်တားနိုင်ဖို့မဖြစ်နိုင်တာကြောင့် အိမ်ရှင် အဲဗာတန်အသင်းကိုပဲ အားပေးရမှာပါ။

### အဲဗာတန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၀ | အဲဗာတန် |
| ဝက်စ်ဟမ်း | ၀ | - | ၁ | အဲဗာတန် |
| အဲဗာတန် | ၃ | - | ၀ | ဘန်လေ |
| အဲဗာတန် | ၁ | - | ၁ | ဘရိုက်တန် |
| ပဲလေ့စ် | ၂ | - | ၃ | အဲဗာတန် |

### မန်ယူအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်ယူ | ၀ | - | ၃ | မန်စီးတီး |
| မန်ယူ | ၀ | - | ၃ | နယူးကာဆယ် |
| ဖူလ်ဟမ် | ၀ | - | ၁ | မန်ယူ |
| ကိုပင်ဟေဂင် | ၄ | - | ၃ | မန်ယူ |
| မန်ယူ | ၁ | - | ၀ | လူတန် |

## အင်တာမီလန်အသင်းကို ရွေးချယ်ရမှာပါ

တနင်္ဂနွေနေ့ညမှာကစားမဲ့ စီးရီးအေပွဲစဉ်တွေထဲက အကြိုက်တွေ့မိတာကတော့ ဂျူဗင်တပ်အသင်းနဲ့ အင်တာမီလန်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းဟာ လက်ရှိအမှတ်ပေးဇယားရဲ့ အထက်အောက်အသင်းတွေဖြစ်နေပြီး အင်တာမီလန်အသင်းက ရမှတ် ၃၁ မှတ် အဆင့် (၁)၊ ဂျူဗင်တပ်အသင်းက ရမှတ် ၂၉ မှတ်နဲ့ အဆင့် (၂) မှာ ရပ်တည်နေတာကြောင့် အခုပွဲစဉ်ကို ရှုံးတဲ့အသင်းဟာ ရမှတ်ဖြတ်နိုင်မှာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ ၁၂ ပွဲအပြီးမှာ တိုက်စစ်ပိုင်းက ၁၉ ဂိုးသာ သွင်းယူနိုင်သလို နောက်ဆုံးငါးပွဲမှာလဲ ခုနစ်ဂိုးသာရရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာလဲ သူတို့အသင်း ကွင်းလယ်မှာ လိုကာတယ်လီ၊ ဖာဂျီအိုလီ၊ ပီယာ့ဟ်၊ ပေါ့ဘာတို့ဟာ ဒဏ်ရာရပွဲပယ်တွေဖြစ်နေတာကြောင့် အခုပွဲမှာ ပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် ကစားကွက်ပိုင်းနဲ့ ကစားသမားစုဖွဲ့မှုအရ လက်ရှိအခြေအနေမှာ အင်တာမီလန်ကိုယှဉ်လို့မရနိုင်ဘဲ အိမ်ကွင်းအားသာချက်တစ်ခုနဲ့သာ ကစားရမှာဖြစ်ပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးသုံးပွဲတွေ့ဆုံမှုမှာလဲ အင်တာမီလန်က တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနဲ့ အသာရခဲ့တာကို တွေ့ရမှာပါ။

နည်းပြအင်ဇာဂီရဲ့အင်တာမီလန်အသင်းကတော့ ပုံစံကောင်းရနေတာကြောင့် နောက်ဆုံးကစားခဲ့တဲ့ပြိုင်ပွဲစုံ ၁၀ ပွဲဆက် ရှုံးပွဲမရှိခဲ့ဘဲ တိုက်စစ်ပိုင်းကလဲ ပွဲတိုင်းဂိုးရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ တိုက်စစ်မှူး မားကပ်သူရမ်ကိုခေါ်ယူပြီးနောက် တိုက်စစ်ပိုင်းထက်မြက်လာသလို နည်းပြအင်ဇာဂီရဲ့ကစားကွက်ကို အဓိကပုံဖော်ပေးရတဲ့ ဒမ်ဖရိုင်းစ်၊ ဒီမာကိုတို့ကလဲ ခြေစွမ်းပြနိုင်ခဲ့တာကြောင့် ရလဒ်ပိုင်းကောင်းနေခဲ့တာဖြစ်ပါတယ်။ ဂျူဗင်တပ်ရဲ့ကစားသမားစုဖွဲ့မှုနဲ့ အင်တာမီလန်ရဲ့ ကစားသမားစုဖွဲ့မှုမှာ အင်တာမီလန်က အသာရနေသလို ကစားသမားအများစုကလဲ ခြေစွမ်းပြသနေတာကို သတိပြုရမှာပါ။ ဒ့ါပြင် အင်တာမီလန်ဟာ အသင်းကြီးတွေနဲ့တွေ့ဆုံမှုမှာ ဖီအိုရင်တီးနားကို လေးဂိုးပြတ်၊ အေစီမီလန်ကို ငါးဂိုးတစ်ဂိုး၊ ရိုးမားကို တစ်ဂိုးဂိုးမရှိ၊ အတ္တလန်တာကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာလဲဖြစ်ပါတယ်။ ဒါကြောင့် လက်တလော ခြေစွမ်းပိုင်းနဲ့ ကစားကွက်ပိုင်းမှာ ဂျူဗင်တပ်အသင်းဟာ အင်တာမီလန်ကိုယှဉ်နိုင်ဖို့ လိုအပ်ချက်တွေရှိနေသလို လက်ရှိမှာလဲ ကွင်းလယ်ကစားသမားအများစု ဒဏ်ရာရနေတာကြောင့် အခုပွဲစဉ်မှာ ရလဒ်ကောင်းဖို့ခက်ခဲမှာသေချာပါတယ်။ ဒါကြောင့် အဘက်ဘက်က သာလွန်မှုရှိနေတဲ့ အင်တာမီလန်အသင်းကိုပဲ ရွေးချယ်ရမှာပါ။

### ဂျူဗင်တပ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျူဗင်တပ် | ၂ | - | ၀ | တိုရီနို |
| အေစီမီလန် | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၁ | - | ၀ | ဗီရိုနာ |
| ဖီအိုရင်တီးနား | ၀ | - | ၁ | ဂျူဗင်တပ် |
| ဂျူဗင်တပ် | ၂ | - | ၁ | ကက်ဂလီယာရီ |

### အင်တာမီလန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အင်တာမီလန် | ၂ | - | ၁ | ဆဲလ်ဘတ် |
| အင်တာမီလန် | ၁ | - | ၀ | ရိုးမား |
| အတ္တလန်တာ | ၁ | - | ၂ | အင်တာမီလန် |
| ဆဲလ်ဘတ် | ၀ | - | ၁ | အင်တာမီလန် |
| အင်တာမီလန် | ၂ | - | ၀ | ဖရိုစင်ဝမ်း |

## ဘက်တစ်အသင်း ရလဒ်ကောင်းမှာပါ

လာလီဂါပွဲစဉ် (၁၄) မှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်ကတော့ ဘက်တစ်အသင်းနဲ့ လက်ပါးမက်အသင်းတို့ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘက်တစ်အသင်းဟာ အမှတ်ပေးပြိုင်ပွဲ ၁၃ ပွဲအပြီးမှာ ငါးပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးရလဒ်နဲ့ ရမှတ် ၂၁ မှတ်ရရှိခဲ့ပြီး အဆင့် (၇) မှာရပ်တည်နေတာဖြစ်ပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အထက်အောက်အသင်းတွေနဲ့ ရမှတ်ကွာဟမှုနည်းနေတာကြောင့် အခုပွဲစဉ်ကိုရှုံးခဲ့ရင် အမှတ်ပေးဇယားအဆင့် (၁၁) ထိကျဆင်းနိုင်သလို အနိုင်ရမယ်ဆိုရင်တော့ အဆင့်(၆) ထိ ရောက်ရှိနိုင်မှာကိုတွေ့ရမှာပါ။ ဘက်တစ်အသင်းဟာ အခုပြိုင်ပွဲမှာ အဝေးကွင်းစွမ်းဆောင်ရည် အားနည်းချက်ရှိပေမဲ့ အိမ်ကွင်းပွဲစဉ်မှာတော့ လေးပွဲနိုင်၊ နှစ်ပွဲသရေရလဒ်နဲ့ ရှုံးပွဲမရှိခဲ့တာကြောင့် အိမ်ကွင်းကောင်းတဲ့ အသင်းတွေထဲမှာ ပါဝင်နေတာဖြစ်ပါတယ်။ လက်ရှိမှာလဲ သူတို့အသင်းရဲ့ နောက်ဆုံး အိမ်ကွင်း ငါးပွဲစွမ်းဆောင်ရည်ကိုကြည့်ရင် တစ်ပွဲကို အနည်းဆုံး နှစ်ဂိုး သွင်းယူနိုင်ခဲ့ပြီး စုစုပေါင်းသွင်းဂိုး ၁၃ ဂိုးထိ သွင်းယူနိုင်ခဲ့တာကို သတိပြုရမှာပါ။ သူတို့အသင်းအနေနဲ့ ကွင်းလယ်နဲ့ တိုက်စစ်ပိုင်းမှာ အီဂယ်စီးယက်၊ ဝီလျံဂျို့စ်၊ ပီးရက်ဇ်၊ ဟန်းရစ်၊ ဖက်ကီယာ၊ အစ္စကိုတို့လို ခြေစွမ်းပြကစားသမားတွေ များနေတာကြောင့် လက်ပါးမက်လို အဝေးကွင်း ခံစစ်ပိုင်းအားနည်းတဲ့အသင်းကတော့ ဘက်တစ်ရဲ့တိုက်စစ်ကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

လက်ပါးမက်အသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ပြိုင်ပွဲစုံငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကစားနိုင်ခဲ့တာကြောင့် ခြေစွမ်းပိုင်းကောင်းနေတယ်လို့ဆိုရမှာပါ။ ဒ့ါပြင် လက်ပါးမက်အသင်းဟာ အမှတ်ပေးပြိုင်ပွဲမှာလဲ ငါးပွဲနိုင်၊ သုံးပွဲသရေ၊ ငါးပွဲ ရှုံးရလဒ်နဲ့ ရမှတ် ၁၈ မှတ်ထိ ရရှိခဲ့လို့ အဆင့်(၈) မှာရောက်ရှိနေပြီး ဘက်တစ်အသင်းနဲ့သုံးမှတ်သာ ကွာဟနေတာကို တွေ့ရမှာပါ။ ဒါပေမဲ့ အဝေးကွင်းစွမ်းဆောင်ရည်ကတော့ အမှတ်ပေးပွဲ ခုနစ်ပွဲမှာ နှစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ လေးပွဲရှုံးရလဒ်ထွက်ပေါ်ခဲ့ပြီး ခံစစ်ပိုင်းက ပေးဂိုးရှစ်ဂိုးထိရှိခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ အိမ်ကွင်းကစားပုံမာကျောတဲ့ ဘက်တစ်လိုအသင်းကို ဘယ်လိုထိန်းချုပ်သွားမလဲဆိုတာ စိတ်ဝင်စားစရာကောင်းပေမဲ့ ကစားသမားတွေရဲ့ တစ်ယောက်ချင်းစွမ်းဆောင်ရည်ပိုင်းကြောင့် ပွဲချိန်ပြည့်ထိန်းချုပ်ဖို့တော့ အခက်တွေ့မှာသေချာပါတယ်။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှု ၁၄ ကြိမ်မှာလဲ ဘက်တစ်က ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ သုံးပွဲရှုံးနဲ့အသာရခဲ့တာကြောင့် အိမ်ကွင်းခြေစွမ်းပိုင်းထက်မြက်နေတဲ့ ဘက်တစ်အသင်းပဲ ရလဒ်ကောင်းမှာပါ။

### ဘက်တစ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘက်တစ် | ၂ | - | ၁ | အိုဆာဆူနာ |
| ကော်တက် | ၁ | - | ၁၂ | ဘက်တစ် |
| ဘက်တစ် | ၂ | - | ၀ | မာယော့ကာ |
| ဘက်တစ် | ၄ | - | ၁ | လီမာဆူး |
| ဆီဗီလာ | ၁ | - | ၁ | ဘက်တစ် |

### လက်ပါးမက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လက်ပါးမက် | ၀ | - | ၁ | ဗယ်လ်ကာနို |
| အယ်မာရီယာ | ၁ | - | ၂ | လက်ပါးမက် |
| မန်နာကော် | ၀ | - | ၃ | လက်ပါးမက် |
| လက်ပါးမက် | ၂ | - | ၁ | အေတီကို |
| အိုဆာဆူနာ | ၁ | - | ၁ | လက်ပါးမက် |

# (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများဖိတ်ခေါ်ခြင်း

၁။ ၂၀၂၄ ခုနှစ်၊ (၇၉)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်ပါသည်။ ဆုရရှိသော စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ဖော်ပြသွားမည်ဖြစ်ပါသည်။

၂။ **စာမူများတွင်ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်ကစပြီး တပ်မတော်သည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့မှုများ၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခဲ့မှုများ၊ အနစ်နာခံမှုများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့မှုများ။

(ခ) တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့မှုများ၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများနှင့် လက်ရှိခေတ်ကာလတွင် ဆောင်ရွက်မှုများ၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်နေမှုများ။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း သတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(ဝါသနာရှင်/အလွတ်တန်း)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (ဝါသနာရှင်အဆင့်)၊ (အလွတ်တန်းအဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ကဗျာ(ဝါသနာရှင်အဆင့်)နှင့် ကဗျာ(အလွတ်တန်းအဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်း မပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့ အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ပြီး စကားပြေရေးဟန်နှင့်စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။

(ဃ) ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ကာ ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့်ဆက်သွယ်ရန် ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုဝန်ခံချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ စာမူများပေးပို့ရာတွင် Copy ၃ စုံမပါရှိခြင်း၊ Soft Copy မပါရှိခြင်း၊ သီချင်းစီဒီများမပါရှိခြင်း၊ သက်ဆိုင်ရာဝန်ခံချက်များမပါရှိခြင်း၊ ကိုယ်ရေးအချက်အလက်များ မစုံလင်ခြင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီမရောက်ရှိသောစာမူများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၂။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၃။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၅။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတိုစာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၆၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်စာမူဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (၁) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (၂) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (၃) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (၄) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (၅) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (၆) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (၇) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (၈) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကို လျော့နည်းစေနိုင်ခြင်း(အထူးအားဖြင့် နာတာရှည်ရောဂါခံစားနေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှ လျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၀၃၀၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က ကုလားပဲစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲ ၂၀၃၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၁၃၄၉၇၉ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၂၀၃၀၆ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ယင်းမာပင်ခရိုင်မှာ ဆောင်းကုလားပဲဧက ၁၃၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကုလားပဲဧက ၂၀၀၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ကုလားပဲစိုက်ဧက လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းကုလားပဲကို မြို့နယ်အလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၁၄၉၁ ဧက၊ ကနီမြို့နယ်တွင် ၆၀၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၈၃၈၅ ဧက၊ ပုလဲမြို့နယ်တွင် ၉၈၂၅ ဧက စုစုပေါင်း ကုလားပဲ ၂၀၃၀၆ ဧက တိုးမြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် ဆောင်းကုလားပဲစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၅၅၀၀၊ ကနီမြို့နယ်တွင် ၃၅၉၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၃၈၇၈၃ ဧက၊ ပုလဲမြို့နယ်တွင် ၅၇၁၀၁ ဧက စုစုပေါင်း ကုလားပဲ ၁၃၄၉၇၉ ဧက တိုးမြစ်ကြောင်း သိရသည်။

ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်ရေဆင်း(၈)နှင့် ရေဆင်း(၁၁)မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း၊ ကုလားပဲ တစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်း ကျော်ကုန်ကြကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်တွင် ကုလားပဲစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ၁၃၄၉၇၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပင်းတယမြို့နယ် ကိုးလုံးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပင်းတယ နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကိုးလုံးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကိုးလုံးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကိုးလုံးကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၀ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၇ ဒသမ ၂၃ သန်း စုစုပေါင်း ငွေကျပ် ၁၇ ဒသမ ၂၃ သန်း အသုံးပြုကာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါကျေးရွာရှိ ကျေးလက်နေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှ သိရသည်။

**ရှိုသန်းညွှန့်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၅-၁၁-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၅ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၃၀ | ၂၂၀၅ | ၂၃၀၅ | ၂၃၂၀ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၈၆၀ |
| 95 Ron | ၂၃၀၀ | ၂၃၅၀ | ၂၃၄၅ | ၂၃၀၅ | ၂၃၄၅ | ၂၃၇၀ | ၂၃၅၅ | ၂၃၃၀ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၀ | ၂၃၅၅ | ၂၃၈၅ | ၂၃၈၅ | ၂၃၈၅ | ၂၆၁၅ | ၂၉၆၀ |
| HSD (500 ppm) | ၂၂၀၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၂၄၅ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၃၅၀ | ၂၃၄၅ | ၂၂၄၀ | ၂၂၄၅ | ၂၂၈၅ | ၂၂၈၅ | ၂၂၈၅ | ၂၅၁၅ | ၃၀၉၀ |
| HSD (50 ppm) | ၂၂၉၀ | ၂၃၄၀ | ၂၃၄၀ | ၂၃၀၀ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၂၅ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၀ | ၂၃၄၅ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၁၀ | ၃၂၅၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၅၀ | ၂၄၄၅ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၅ | ၂၆၁၅ | ၃၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၄ | ၂၁၃၉ |
| 95 Ron | ၂၁၈၆ | ၂၂၆၃ |
| HSD (500 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (50 ppm) | ၂၁၈၀ | ၂၂၅၃ |
| HSD (10 ppm) | ၂၁၈၃ | ၂၂၅၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၁၂၉၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**







## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နေ ဦးအောင်ကျော်ထွန်း-ဒေါ်အေးအေးသန့် တို့၏သား **မောင်ကောင်းလိုင်မင်း (၉/ပဥလ(နိုင်)၀၇၃၆၁၂)** သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ နေအိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံး၀) လုံး၀ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးအောင်ကျော်ထွန်း (၉/ဝတန(နိုင်)၁၁၃၄၈၉)**

**ဒေါ်အေးအေးသန့် (၉/မနတ(နိုင်)၀၆၇၂၉၃)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ကုန်တင်ယာဉ်/ခေါက်တိုယာဉ်များနှင့်ကုန်ဂိတ်များ မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ပြေးဆွဲဖွင့်လှစ်လျက်ရှိသော မန္တလေးမြို့အခြေစိုက် ကုန်တင်ယာဉ်များ၊ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြဋ္ဌာန်းထားသည့် တိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေး ဥပဒေအရ တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ခေါက်တိုယာဉ်) ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီတွင် နှစ်စဉ် မှတ်ပုံတင်ကြရမည်ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်** တွင် ကုန်တင်ယာဉ်များ၊ ခေါက်တိုယာဉ်များနှင့် ကုန်စည်ဂိတ်များသည် တိုင်းဒေသကြီး(ကုန်တင်ယာဉ်/ခေါက်တိုယာဉ်)ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ အမရပူရမြို့နယ်၊ ပြည်ကြီးမင်္ဂလာကုန်တင်ယာဉ်ရပ်နားစခန်း (စွယ်တော်)၊ အခန်းအမှတ်(MM-5)သို့ (၂၀-၁၂-၂၀၂၃) ရက်နေ့မှစ၍ လာရောက်မှတ်ပုံတင်ကြပါရန်နှင့် ရုံးသို့လာရောက်ရန် အခက်အခဲရှိသည့် ယာဉ်ပိုင်ရှင်များအနေဖြင့် ကော်မတီ၏ ကွင်းစစ်ဆေးရေးစခန်းများတွင်လည်း ဝင်ရောက်မှတ်ပုံတင်နိုင်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**မန္တလေးတိုင်းဒေသကြီး**
**ကုန်တင်ယာဉ်/ခေါက်တိုယာဉ်**
**ယာဉ်လုပ်ငန်းများကြီးကြပ်ရေးလုပ်ငန်းကော်မတီ**
**မန္တလေးမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ တောင်နံ့သာရပ်နေ ကျွန်မ ဒေါ်သီတာ (၉/မနမ(နိုင်)၀၂၉၂၉၁) မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့၊ တောင်နံ့သာရပ်နေ ဦးဉာဏ်ဌေးလင်း (ဘ) ဦးဘဉာဏ် (၉/မရမ(နိုင်)၀၃၂၆၀၅)နှင့် ကျွန်မ ဒေါ်သီတာ (ဘ) ဦးသန်းထွန်း (၉/မနမ(နိုင်)၀၂၉၂၉၁)တို့သည် (၁၉၉၁)ခုနှစ်ခန့်က အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြပြီး သား၊သမီး (၃)ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ကျွန်မ ဒေါ်သီတာ နှင့် ဦးဉာဏ်ဌေးလင်း တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် (၁၃-၁၁-၂၀၂၃) ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးဉာဏ်ဌေးလင်း နှင့်ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး အရှုပ်အရှင်းများကို ကျွန်မ ဒေါ်သီတာ နှင့်(စံကောင်း-မိုးကာကူရှင်ချုပ်လုပ်ရေး)မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာ (၉/မနမ(နိုင်)၀၂၉၂၉၁)**
**(စံကောင်း-မိုးကာကူရှင်ချုပ်လုပ်ရေး)မိသားစု၊ ကျောက်ဆည်မြို့။**

## အမည်ပြောင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်နေ ဦးနေစိုးကျော်+ဒေါ်လွင်မိမိဦး တို့၏ သမီး၊ Future Kidz International School၊ Grade-5 မှ မမြတ်အိခြွေခင် အား မနေမိမိကျော် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မနေမိမိကျော်**

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| (၁) | **Photoshop အခြေခံကျွမ်းကျင်** | **(၂)ဦး** |
| (၂) | **Delivery** | **(၂)ဦး** |
| (၃) | **အထွေထွေဝန်ထမ်း** | **(၂)ဦး** |

လျှောက်ထားလိုသူများသည် စာရွက်စာတမ်း အပြည့်အစုံနှင့်တကွ (၁)ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ King Color Separation
၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား။
၀၉-၉၇၀၀၀၉၇၃၂

**စာပေမြင့်မှ လူမျိုးတင့်မည်**

## ဝန်ထမ်းအလိုရှိသည်

| | | | |
|---|---|---|---|
| 1. | **စက်ရုံကြီးကြပ်** | **ကျား** | **(2) ဦး** |
| 2. | **စာရင်းကိုင်** | **ကျား/မ** | **(2) ဦး** |
| 3. | **စာရေး/ စာရေးမ** | | **(2) ဦး** |
| 4. | **မြို့တွင်း Driver** | | **(1) ဦး** |
| 5. | **ရောင်း/ မောင်း** | | **(1) ဦး** |
| 6. | **အထွေထွေဝန်ထမ်း** | **ကျား/မ** | **(10) ဦး** |

- အမှတ်စဉ် (1), (2), (3)အတွက် ဘွဲ့ရဖြစ်ရမည်။ စကားပြောဆိုပြေပြစ်၍ ဆက်ဆံရေးကောင်းမွန်သူဖြစ်ရမည်။ အလုပ်ကိုအမှန်တကယ်စိတ်ပါဝင်စားသူဖြစ်ရမည်။ စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- အမှတ်စဉ် (4), (5)အတွက် လိုင်စင်သက်တမ်း (3)နှစ်နှင့်အထက်ရှိရမည်။ အသောက်အစားကင်းရှင်းသူဖြစ်ရမည်။
- စိတ်ဝင်စားပါက CV Form၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ထောက်ခံစာ၊ဓာတ်ပုံ(2)ပုံ၊ယာဉ်မောင်းလိုင်စင်မိတ္တူတို့နှင့်တကွ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။

**မှတ်ချက်**။အိမ်နေ/အိမ်စားများလည်းလျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်။ ။ အမှတ်(14)၊ 85 လမ်း၊ 28×29၊ မန္တလေးမြို့။
02-4069291, 09-5069199 ,

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

- စိုက်ပျိုး မွေးမြူရေးသည် မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်...
- တိုင်းပြည်စားရေရိက္ခာပေါများရေး၊ ဒေသအလိုက် ဝမ်းစာဖူလုံရေးသည် မိမိတို့၏ မျှော်မှန်းချက်ဖြစ်...
- အခြေခံစားကုန်များ၊ သားငါးများ ဒေသအလိုက် ဖူလုံအောင် ကြိုးစားရမည်ဖြစ်သကဲ့သို့ စိုက်ပျိုး မွေးမြူရေးကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရေးသည်လည်း ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်...
- ထို့ကြောင့် ရရှိထားသောရလဒ်များကို ကျေနပ်မနေဘဲ အရေအတွက်ရော၊ အရည်အသွေးပါပိုမိုကောင်းမွန်သည့် စိုက်မွေးထုတ်ကုန်များရရှိအောင် ဆောင်ရွက်ပေးကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် ပြုလုပ်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၁/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အကြိမ်(၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်အားပေး၊ ဆုများ ပေးအပ်ချီးမြှင့်

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်း ထိုက်ထိုက်တန်တန် အနိုင်ရဗိုလ်စွဲ




**နေပြည်တော် နိုဝင်ဘာ ၂၄**

အကြိမ် (၆၀)မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိ တပ်မတော်အားကစားကွင်း၌ကျင်းပပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုဘောလုံးအသင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

စာမျက်နှာ ၁၈ ကော်လံ ၁☆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ (က)အဆင့်ပြိုင်ပွဲတွင် ပထမဆုကို ဆွတ်ခူးနိုင်ခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးအသင်းကို တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။**

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la





Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar